## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
## (၂၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီ အချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၂) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၀၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၃.၂၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေး အစီအစဉ်များကို ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ၈-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၁၄ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၅ ဦးရှိ၍ စုစုပေါင်း ကိုယ်စားလှယ် ၂၉ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၅ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက် အဖြစ်တိုင်ကြားသူ ကိုယ်စားလှယ် ၁၂ ဦး နှင့် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် ၃ ရက်အဖြစ် တိုင်ကြားသူ

ကိုယ်စားလှယ် ၃ ဦး စုစုပေါင်း ၁၅ ဦးရှိပါတယ်။ ကိုယ်စားလှယ် ၁၅ ဦး မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို၊

(၂) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်၊

(၃) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၊

(၄) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း၊

(၅) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး၊

(၆) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ်၊

(၇) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဦးတင်ဌေးအောင်၊

(၈) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့်၊

(၉) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး၊

(၁၀) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၊

(၁၁) မတယ(၁)မှ ဗိုလ်မှူးအောင်ပိုင်ဦး၊

(၁၂) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်၊

(၁၃) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန်၊

(၁၄) ပူတာအိုမဲဆန္ဒနယ် ဦးယော်ဒီဒွေ့၊

(၁၅) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို တို့သည် ခွင့်အသီးသီးတင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ ၂၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်သက်ဆိုင်သည့် အကြောင်းအရာ ၇ ခုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းအား မေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေလို့ ပဏာမအားဖြင့် ဂါရဝတရားရှေ့ထားပြီး မေတ္တာပို့သအပ်ပါတယ်။ လေးစား အပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁ နိုင်ငံတော်အခြေခံမူများအခန်း ပုဒ်မ ၁၈ ပုဒ်မခွဲ (ဂ) မှာ ဖော်ပြ ပြဋ္ဌာန်းချက်များနဲ့ သက်ဆိုင်တဲ့မေးခွန်း ၇ ခုကို နိုင်ငံသားများရဲ့ မူလအခွင့်အရေးရရှိဖို့ ရှေ့ရှုပြီး မေးမြန်း သွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး နှင့် တာဝန်များအခန်း ပုဒ်မ ၃၇၈ ပုဒ်မခွဲ(က)မှာ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ စာချွန်တော်အမိန့်တစ်ရပ်ရပ်ကို သင့်လျော် သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာရှိစေရမည်။ (က) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊

(ခ) အာဏာပေးစာချွန်တော် အမိန့်၊ (ဂ) တားမြစ်စေစာချွန်တော်အမိန့်၊ (ဃ) အာဏာပိုင်မေး စာချွန်တော်အမိန့်၊ (င) အမှုခေါ် စာချွန်တော်အမိန့်များဖြစ်ကြပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစာချွန်တော်အမိန့်များဟာ တရားမျှတမှုအတွက် မရှိမဖြစ်အရေးကြီးသလို အနှစ်သာရအားဖြင့်လည်း နက်ရှိုင်းကျယ်ဝန်းလှပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့နောက် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း တော်လှန်ရေးကောင်စီ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့သည့်အထိ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီစာချွန်တော်အခွင့်အရေးကို အတိအလင်းပြဋ္ဌာန်းထားခဲ့ပြီးသည့်နောက် ဒီအမှုအခင်းတွေနဲ့ ပတ်သက်ပြီးပညာရှိတရားလွှတ်တော်၊ တရားသူကြီးတွေနဲ့ ရှေ့နေရှေ့ရပ်တွေရဲ့ စီရင်ထုံးတွေလည်းရှိခဲ့ပါတယ်။ ဒီစီရင်ထုံးတွေမှာ မှတ်သားစရာ၊ လေ့လာစရာတွေလည်းပါခဲ့ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဝင်တစ်ဦးဖြစ်ပါတယ်။ လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်နဲ့ ဥက္ကဋ္ဌကြီးတို့ ပေးတဲ့တာဝန်ကို ထမ်းဆောင်ရင်း ကော်မတီကို တိုင်တန်းပေးပို့လာတဲ့ တိုင်ကြားစာတွေကို ဖတ်ရှုလေ့လာတဲ့အခါမှာ တိုင်ကြားစာ တော်တော်များများမှာ စာချွန်တော် ဥပဒေရဲ့ လုပ်ထုံးလုပ်နည်း ဆက်စပ်မှု ရှိနေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံတရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြု အပြည်ပြည်ဆိုင်ရာ အစည်းအဝေး တစ်ရပ်ကို မကြာမြင့်သေးမီ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ရန်ကုန်မြို့ Sedona Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးနာမည်က Strengthing The Rule of Law in Myanmar Outcome of The International Rule of Law Meeting လို့ ညွှန်းဆိုထားပါတယ်။ ဒီအစည်းအဝေးရဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့အစည်းတစ်ရပ်လုံးက အတူတကွပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပြီး ယင်းအစည်းအဝေးမှာ မြန်မာနိုင်ငံတွင် လက်တွေ့ တွေ့ကြုံနေရသည့် တရားဥပဒေစိုးမိုးရေးနှင့်စပ်လျဉ်းတဲ့ကိစ္စရပ်များ ကဏ္ဍအသီးသီးကို အဓိကထား ဆွေးနွေးခဲ့ကြပါတယ်။ အစည်းအဝေးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်သူ့ရဲတပ်ဖွဲ့၊ လူမှုရေးအဖွဲ့အစည်းအသီးသီးတို့မှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ ဥပဒေပညာရှင်များ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးနှင့် အထောက်အကူပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းများဖြစ်ကြတဲ့ အရှေ့တောင်အာရှဥပဒေရေးရာအထောက်အကူပြုအဖွဲ့ Southeast Asian Legal Aid Network၊ CEDAW ကိုယ်စားပြုတဲ့ မလေးရှား၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊

ထိုင်းနိုင်ငံတို့မှာ ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအစည်းအဝေးမှာ ဆွေးနွေးချက်၊ မှတ်တမ်းတင်ချက်များအရ Supply Side Reform ဖြည့်ဆည်းသည့်ဘက်က ပြုပြင်ပြောင်းလဲရေး၊ Demand Side Reform လိုသည့်ဘက်က ပြုပြင်ပြောင်းလဲရေးဆိုသည့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ထားတာကို တွေ့ရပါတယ်။ ဒီအစီရင်ခံစာရဲ့ The Rule of Law Under Myanmar Constitution and Legal Frame Work ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေခေါင်းစဉ်အောက်မှာ (က) The Spration of Power is the Foundation of The Democratic System in Myanmar နိုင်ငံတော်အချုပ်အခြာအာဏာ ခွဲခြားကျင့်သုံးခြင်းသည် မြန်မာဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ (က) ပါ။ (ခ) The Judiciary must be Independence and not be influence by Politic တရားစီရင်ရေးသည် လွတ်လပ်ပြီး ပါတီနိုင်ငံရေး ကင်းရှင်းရမည်။ ပုဒ်မ ၃၀၀ ပုဒ်မခွဲ(က)ပါ။ (ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား စာချွန်တော် အမျိုးမျိုးထုတ်ဆင့်ရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တိကျပြတ်သားသည့် အာဏာများကို ပိုင်းခြားသတ်မှတ်ထားခြင်းဖြင့် The Law of Supreme in Myanmar and All Citizens must acting in according with law နိုင်ငံသားအားလုံးသည် ဥပဒေနှင့် အညီလိုက်နာ ဆောင်ရွက်ကြမည်ဆိုတဲ့ ပြဋ္ဌာန်းချက်များအပေါ်မှာ အပြုသဘောထောက်ခံ မှုတွေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ဖော်ဆောင်မှုကို ထောက်ကူနေကြပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအပိုဒ်ခွဲ (ဂ)မှာ ဆက်လက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား စာချွန်တော်အမျိုးမျိုးထုတ်ဆင့်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိကျပြတ်သားသည့် အာဏာများကို ပိုင်းခြားသတ်မှတ်ထားခြင်းဖြင့် ဤအချက်ကို ထင်ရှားစေသည်။ ပုဒ်မ ၂၉၆ စာချွန်တော်များမှာ တရားရုံးများ၏ အမိန့်ဖြစ်ပြီး အစိုးရအရာထမ်း၊ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့်၊ အခြားသော တစ်ဦးချင်းစီသော ပုဂ္ဂိုလ်အား တစ်စုံတစ်ခု ပြုလုပ်နေခြင်းကို ရပ်စဲရန် သို့မဟုတ် ဆောင်ရွက်ရန် ချမှတ်ထားသော အမိန့်ဖြစ်သည်။ နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများမှာ ဥပဒေအရ ထိပါးခံရသည်ဟုလည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်သူက ဥပဒေနှင့်အညီ ဆုံးဖြတ်ခြင်းမရှိဟုလည်းကောင်း ခံစားရသည့်အချိန်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်ဖြင့် လျှောက်ထားနိုင်သည်ဟုလည်းကောင်း အစီရင်ခံစာမှာ ရှင်းလင်းလွယ်ကူ သိသာစွာ ဖော်ပြထားပါတယ်။ ဒါကြောင့်လည်း ပြည်သူတို့ရဲ့ ဥပဒေပါ အခွင့်အရေးများ ဆုံးရှုံးမှုမရှိအောင် ပေးကာပေး၏မရ ဆိုတာမဖြစ်အောင် အောက်ပါ မေးခွန်း ၇ ကို

မေးမြန်းအပ်ပါတယ်။ မေးခွန်းတွေကို မေးခွင့်ပြုတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိပါတယ်။ မေးခွန်းများကတော့ (၁) ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် (က) အမှုခေါ်စာချွန်တော် လက်ခံရရှိသည့် အမှုဦးရေ၊ (ခ) အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည့် အမှုဦးရေ၊ (ဂ) နှစ်ဖက်ကြားနာပြီး ပြည်လည်သုံးသပ်ပေးခဲ့သည့် အမှုဦးရေ၊ (ဃ)စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်ခဲ့သော အမှုဦးရေတို့ကို သိရှိလိုပါတယ်။ (၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်မှုများ လျှောက်ထားရာတွင် ပြည်ထောင်စုတရားသူကြီးတစ်ဦးကသာ ရုံးထိုင်ပြီး အကျဉ်းနည်းဖြင့်ပလပ်သည့် အမိန့် Summarily Dismissed မှာ စာချွန်တော်၏ အဓိပ္ပာယ်ဖော်ပြချက်နှင့် ညီညွတ်ခြင်းရှိ၊ မရှိ။ (၃) ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေတွင် တရားရုံးချုပ်စီရင်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်ဟု ဖော်ပြပါရှိခြင်းမရှိသည်မှာ မှန်ကန်ခြင်း ရှိ၊ မရှိ ။ (၄) နစ်နာသူအား နောက်ဆုံးအခွင့်အရေး မဆုံးရှုံးအောင် အခြေခံဥပဒေပါ စာချွန်တော် တင်သွင်းခေါ်ယူနိုင်ခွင့် Right of Constitutional Remedy ကျင့်သုံးရာတွင် တရားသူကြီး တစ်ဦးတည်းကသာ စီရင်ခြင်းသည် ပြဋ္ဌာန်းချက်ပါ အနှစ်သာရကို ဖော်ညွှန်းနိုင်သော ကုစားမှုဖြစ်၊ မဖြစ်။ (၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၁ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးဆိုသည်မှာ စာချွန်တော်လျှောက်ထားမှုများ အပြီးသတ်ကြားနာရန် ပြည်ထောင်စုတရားသူကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ပါဝင်ဖွဲ့စည်းသော ခုံရုံးဟုဆိုသည်ဟု ဖော်ပြထားရာ ခုံရုံးမဟုတ်သော တစ်ဦးထိုင်တရားသူကြီးက အကျဉ်းနည်းပလပ်သည့်အမှုသည် အပြီးသတ်ကြားနာခြင်းဖြစ်သည်ဟု သတ်မှတ်ခြင်းပြုနိုင်၊ မပြုနိုင်။ (၆) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၁ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၁ တွင် လျှောက်ထားမှုပြုလုပ်သည့် အမိန့်စာ သို့မဟုတ် အမှု သို့မဟုတ် ပြုမှုချက်ကို ပြုလုပ်သည့်နေ့မှ သုံးလအတွင်း စာချွန်တော်လျှောက်ထား တောင်းဆိုခြင်း မပြုခဲ့လျှင် မည်သည့်အမှုခေါ်စာချွန်တော်ကို သော်လည်းကောင်း ထုတ်ပေးခြင်းမပြုရဟူသော ဖော်ပြချက်သည် ဖွဲ့စည်းပုံအရ အထူးအပ်နှင်းထားသော စာချွန်တော်အမိန့်ထုတ်ပိုင်ခွင့် ကြီးကြပ်ခွင့်အာဏာကို ကန့်သတ်ချုပ်ချယ်ရာ ရောက်မရောက်။ (၇) ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသော တရားစီရင်ခွင့်အာဏာတွင် အကျုံးဝင်

သော ကြီးကြပ်ရေးအာဏာကို သာမန်အက်ဥပဒေအရ ပြဋ္ဌာန်းထားသည့် မည်သည့်ပြဋ္ဌာန်းချက်ကမှ ချုပ်ချယ်ပိတ်ပင်ခြင်းမပြုနိုင်ဆိုသည်မှာ မှန်၊ မမှန်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဖြစ်တဲ့ ကျွန်တော် ဦးမြင့်အောင်က ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အမှုခေါ်စာချွန်တော် လက်ခံရရှိသည့် အမှုဦးရေ၊ အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည့် အမှုဦးရေ၊ နှစ်ဖက်ကြားနာပြီး ပြည်လည်သုံးသပ်ပေးခဲ့သည့် အမှုဦးရေ၊ စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ခဲ့သော အမှုဦးရေတို့ကို သိရှိလိုကြောင်း မေးမြန်းချက်နဲ့ ပတ်သက်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ အမှုခေါ်စာချွန်တော် လက်ခံရရှိသည့်အမှု ၁၃၃ မှု၊ အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည့် အမှန်အားဖြင့် စာချွန်တော်လျှောက်ထားလွှာကို ကနဦး ငြင်းပယ်ခဲ့သည့် အမှု ၂၄ မှု၊ နှစ်ဖက်ကြားနာပြီး ပြည်လည်သုံးသပ်ပေးခဲ့သည့် အမှု ၁၀၉ မှုနဲ့ စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်ခဲ့သော အမှုဦးရေ ၇ မှုရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်မှုများ လျှောက်ထားရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးကသာ ရုံးထိုင်ပြီး အကျဉ်းနည်းဖြင့် ပလပ်သည့် အမိန့် Summarily Dismissed မှာ စာချွန်တော်၏ အဓိပ္ပာယ်ဖော်ပြချက်နှင့် ညီညွတ်ခြင်းရှိ၊ မရှိ မေးမြန်းချက်နဲ့ ပတ်သက်လို့ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ ထုတ်ပြန်တဲ့ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာလုပ်ထုံးလုပ်နည်း အပိုဒ် ၄၇ အရ စာချွန်တော်လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၄၇ အရ စာချွန်တော်လျှောက်ထားလွှာအပေါ် လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန် ကနဦး အမိန့်ချမှတ်ခွင့်ရှိပါတယ်။ ၁၉၄၈ ခုနှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၁၀ အရ ပြဋ္ဌာန်းတဲ့ ၁၉၄၈ ခုနှစ် တရားလွှတ်တော်ချုပ်နည်းဥပဒေ၊ ၁၉၅၃ ခုနှစ် တရားလွှတ်တော်ချုပ်နည်းဥပဒေများကို ပြင်ဆင်တဲ့နည်းဥပဒေ အမိန့် ၁၉၊ အမိန့် ၂၀ နှင့် အမိန့် ၂၁ တို့မှာ စာချွန်တော်လျှောက်ထားခြင်းနှင့် စစ်ဆေးစီရင်ခြင်းဆိုင်ရာ ကျင့်ထုံးကျင့်စဉ်များ ဖော်ပြပါရှိပါတယ်။ အဲဒီနည်းဥပဒေများမှာလည်း ယခု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းများအတိုင်း ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ လျှောက်ထားခံရသူကို စာချွန်တော်မထုတ်သင့်ကြောင်း အကြောင်းပြစေဖို့အတွက် အကြောင်းကြားစာထုတ်ပေးသင့်၊ မသင့်ကို ကနဦး စိစစ်ရပါတယ်။ အကြောင်းကြားစာထုတ်မပေးသင့်ကြောင်း စိစစ်တွေ့ရှိရရင် အဲဒီအဆင့်မှာပဲ ရုံးထိုင်တရားသူကြီးက စာချွန်တော်လျှောက်ထားလွှာကို လက်ခံရန်သင့်၊ မသင့် စဉ်းစားဆုံးဖြတ်ခဲ့တဲ့ စီရင်ထုံးသာဓကများလည်း ရှိပါတယ်။ ယခင်တရားလွှတ်တော်ချုပ်ဟာ စာချွန်တော်အမိန့်လျှောက်ထားမှုများကို ကနဦးအဆင့်မှာ ရုံးခန်းတာဝန်ကျ တရားသူကြီး တစ်ဦးတည်းကသာ ရုံးခန်းတွင်းဆောင်ရွက်မှုအဖြစ် ဆောင်ရွက်ခဲ့သော်လည်းပဲ ယခုအခါ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားသူရဲ့ရှေ့နေကို ကြားနာဖို့အခွင့်အရေးပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် စာချွန်တော်လျှောက်ထားမှုများမှာ တရားသူကြီး တစ်ဦးတည်းက အကျဉ်းနည်းပလပ်တဲ့ အမိန့်ချမှတ်ခြင်းဟာ ဥပဒေနှင့် ဆန့်ကျင်မှုမရှိတဲ့အပြင် စာချွန်တော်အဓိပ္ပာယ်ဖော်ပြချက်များ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေတွင် တရားရုံးချုပ်စီရင်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်ဟု ဖော်ပြပါရှိခြင်းမရှိသည်မှာ မှန်ကန်ခြင်းရှိ၊ မရှိ မေးမြန်းချက်နဲ့ပတ်သက်လို့ ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေမှာ တရားရုံးချုပ်ရဲ့ စီရင်ချက်ဟာ အပြီးအပြတ် အတည်ဖြစ်တယ်လို့ ဖော်ပြပါရှိခြင်းမရှိတာ မှန်ကန်တဲ့အကြောင်း ဖြေကြားအပ်ပါသည်။ နစ်နာသူအား နောက်ဆုံးအခွင့်အရေး မဆုံးရှုံးအောင် အခြေခံဥပဒေပါ စာချွန်တော် တင်သွင်းခေါ်ယူပိုင်ခွင့် Right of Constitutional Remedy ကျင့်သုံးရာမှာ တရားသူကြီး တစ်ဦးတည်းကသာ စီရင်ခြင်းဟာ ပြဋ္ဌာန်းချက်ပါ အနှစ်သာရကို ဖော်ညွှန်းနိုင်တဲ့ ကုစားမှုဖြစ်၊ မဖြစ် မေးမြန်းချက်နဲ့ပတ်သက်လို့ စာချွန်တော်လျှောက်ထားမှုများဟာ နစ်နာသူအတွက် နောက်ဆုံးအခွင့်အရေးဖြစ်တယ်လို့ မဆိုနိုင်တဲ့အကြောင်းတင်ပြအပ်ပါတယ်။ အခွင့်ရအာဏာပိုင်တစ်ဦးဦးက ဥပဒေအရ အပ်နှင်းထားခြင်းမရှိတဲ့ အခွင့်အာဏာကို ကျင့်သုံးတဲ့အတွက် ဒါမှမဟုတ် ဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို မကျင့်သုံးတဲ့အတွက် တစ်ဦးတစ်ယောက်မှာ ကုစားမရနိုင်သည့် နစ်နာဆုံးရှုံးမှု လတ်တလောပေါ်ပေါက်လျှင် စာချွန်တော်လျှောက်ထားခွင့်ရှိမှာ ဖြစ်ပါတယ်။ စာချွန်တော်လျှောက်လွှာမှာ တင်ပြခဲ့တဲ့ အချက်များနဲ့ အကျုံးဝင်ကြောင်း မြင်သာတဲ့ အကြောင်းချင်းရာ ပေါ်ပေါက်ခြင်းရှိ၊ မရှိကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးက ကနဦးစိစစ်ပြီး လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုဖို့ အဆုံးအဖြတ်ပြုခြင်း ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ကြောင်း ၂၀၁၀ ပြည့်နှစ်

ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၇၃ အရ ထုတ်ပြန်တဲ့ စာချွန်တော်အမိန့်လျှောက်ထားမှု များဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၇ မှာ ပြဋ္ဌာန်းထားပါတယ်။ ၁၉၄၈ ခုနှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၁၀ အရ ထုတ်ပြန်ခဲ့တဲ့ ၁၉၄၈ ခုနှစ် တရားလွှတ်တော်ချုပ် နည်းဥပဒေများနှင့် ၁၉၅၃ ခုနှစ် တရားလွှတ်တော်ချုပ်နည်းဥပဒေများကို ပြင်ဆင်တဲ့ နည်းဥပဒေများမှာလည်း အလားတူ ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဟာ စာချွန်တော်လျှောက်ထားလွှာများကို ကနဦးစိစစ်ခြင်းမှာ အပြီးသတ်စိစစ်ခြင်း မဟုတ်ဘဲ ကနဦး စိစစ်ချက်အရ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ကို ကြားနာရန်လိုအပ်ကြောင်း ပေါ်ပေါက် လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ခုံရုံးဖွဲ့စည်းပြီး လျှောက်ထားမှုကို အပြီးသတ်ကြားနာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း စာချွန်တော်လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းမှာ ပြဋ္ဌာန်းထားပါ တယ်။ စာချွန်တော်လျှောက်ထားမှုများကို စီရင်ဆုံးဖြတ်ရာမှာ တရားသူကြီးတစ်ဦးတည်းက စီရင်ဆုံး ဖြတ်ခြင်း မပြုနိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားခြင်းမရှိတဲ့အတွက် စာချွန်တော် လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရား သူကြီးတစ်ဦးက ကနဦးစိစစ်ခြင်းမှာ ပြဋ္ဌာန်းချက်ပါ အနှစ်သာရကို ဖော်ညွှန်းနိုင်တဲ့ ကုစားမှုဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ၂၀၁၁ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ စာချွန်တော်အမိန့် လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးဆိုသည်မှာ စာချွန်တော်လျှောက်ထားမှုများ အပြီးသတ်ကြားနာ ရန် ပြည်ထောင်စုတရားသူကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်သည့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ပါဝင်ဖွဲ့စည်းသော ခုံရုံးဟုဆိုသည်ဟု ဖော်ပြထားရာ ခုံရုံးမဟုတ်သော တစ်ဦးထိုင်တရားသူကြီးက အကျဉ်းနည်းပလပ်သည့် အမှုသည် အပြီးသတ်ကြားနာခြင်းဖြစ်သည်ဟု သတ်မှတ်ခြင်းပြုနိုင်၊ မပြုနိုင် မေးမြန်းထားပါတယ်။ စာချွန်တော် လျှောက်ထားမှုမှာ တစ်ဦးထိုင်တရားသူကြီးက လျှောက်လွှာကို လက်မခံငြင်းပယ်တဲ့ ကနဦးအမိန့်ဟာ အပြီးသတ်ကြားနာခြင်းမဟုတ်ဘဲ ကနဦးအဆင့်မှာ အမှုကိုလက်ခံပြီးနောက် ပြည်ထောင်စု တရားသူကြီးချုပ် သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုပြီး ပါဝင်ဖွဲ့စည်းတဲ့ ခုံရုံးက လျှောက်ထားသူနှင့် လျှောက်ထားခံရသူ

များကို နှစ်ဖက်ကြားနာစီရင်ခြင်းပြုမှသာ အပြီးသတ်ကြားနာခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၁ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၁ တွင် လျှောက်ထားမှုပြုလုပ်သည့် အမိန့်စာ သို့မဟုတ် အမှု သို့မဟုတ် ပြုမူချက်ကို ပြုလုပ်သည့်နေ့မှ သုံးလအတွင်း စာချွန်တော်လျှောက်ထား တောင်းဆိုခြင်း မပြုခဲ့လျှင် မည်သည့်အမှုခေါ်စာချွန်တော်ကို သော်လည်းကောင်း ထုတ်ပေးခြင်းမပြုရဟူသော ဖော်ပြချက်သည် ဖွဲ့စည်းပုံအရ အထူးအပ်နှင်းထားသော စာချွန်တော်အမိန့်ထုတ်ပိုင်ခွင့်၊ ကြီးကြပ်ခွင့်အာဏာကို ကန့်သတ်ချုပ်ချယ်ရာ ရောက်၊ မရောက် မေးမြန်းထားပါတယ်။ ယခင် တရားလွှတ်တော်ချုပ်က ၁၉၄၈ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ တရားလွှတ်တော်ချုပ် နည်းဥပဒေများနှင့် ၁၉၅၃ ခုနှစ်မှာ ပြင်ဆင်ပြဋ္ဌာန်းတဲ့ တရားလွှတ်တော်ချုပ်နည်းဥပဒေများမှာ အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော် အမိန့်ကို ပြက္ခဒိန် ၃ လအတွင်း လျှောက်ထားခြင်းမပြုလျှင် ခွင့်မပြုရလို့ ပြဋ္ဌာန်းခဲ့ပါတယ်။ အလားတူ ၂၀၁၁ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၁ မှာလည်း လျှောက်ထားမှုပြုလုပ်သည့် အမိန့်စာ သို့မဟုတ် အမှု သို့မဟုတ် ပြုမူချက်ကို ပြုလုပ်သည့်နေ့မှ သုံးလအတွင်းစာချွန်တော်လျှောက်ထားတောင်းဆိုခြင်းမပြုခဲ့လျှင် မည်သည့် အမှုခေါ်စာချွန်တော် သို့မဟုတ် တားမြစ်စေ စာချွန်တော်ကိုမျှထုတ်ပေးခြင်း မပြုရဆိုတဲ့ ဖော်ပြချက်ဟာ အစဉ်အဆက် ကျင့်သုံးလိုက်နာခဲ့တဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ဖြစ်ပါတယ်။ စာချွန်တော်အမိန့်ကို ပြက္ခဒိန် ၃ လ အတွင်း လျှောက်ထားခြင်းမပြုလျှင် ခွင့်မပြုရန် ပြဋ္ဌာန်းချက်ဟာ အမှုခေါ်စာချွန်တော် လျှောက်ထားမှုနှင့် တားမြစ်စေ စာချွန်တော် လျှောက်ထားမှုများနှင့်သာ သက်ဆိုင်ပြီး ကျန်စာချွန်တော် လျှောက်ထားမှုများနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းတင်ပြအပ်ပါတယ်။ စာချွန်တော်လျှောက်ထားခွင့်ကို နှောင့်နှေးခြင်းမရှိဘဲ တင်သွင်းရန်နှင့် အလွန်အမင်း အချိန်ကြန့်ကြာပြီးမှ တင်သွင်းခြင်းကို ခွင့်ပြုရန် မသင့်တဲ့အတွက် ကာလစည်းကမ်းသတ် သတ်မှတ်ထားခြင်းသာ ဖြစ်ပါတယ်။ စာချွန်တော် အမိန့်ထုတ်ပိုင်ခွင့်၊ ကြီးကြပ်ခွင့်အာဏာကို ကန့်သတ်ချုပ်ချယ်ရာမရောက်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားတဲ့ တရားစီရင်ခွင့်အာဏာမှာ အကျုံးဝင်တဲ့ ကြီးကြပ်ရေးအာဏာကို သာမန်အက်ဥပဒေအရ ပြဋ္ဌာန်းသော မည်သည့်ပြဋ္ဌာန်းချက်ကမှ ချုပ်ချယ်ပိတ်ပင်ခြင်း မပြုနိုင်ဆိုသည်မှာ မှန်၊ မမှန် မေးမြန်းချက်နဲ့ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားတဲ့ တရားစီရင်ခွင့်အာဏာမှာ အကျုံးဝင်တဲ့ ကြီးကြပ်ခွင့်အာဏာကို သာမန်အက်ဥပဒေအရ

ပြဋ္ဌာန်းတဲ့ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ချုပ်ချယ်ပိတ်ပင်ခြင်းမပြုနိုင်ဆိုခြင်းမှာ မှန်ကန်ပါကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**MRTV-4 ရုပ်သံလိုင်းအား နေပြည်တော်၊ ရန်ကုန်မြို့များကဲ့သို့ Free to Air ထုတ်လွှင့်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းကျန်းမာမာနှင့် မင်္ဂလာအပေါင်းနှင့်ခညောင်းကြပါစေ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲမြို့မှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံရှိပါတယ်။ ဒါ့အပြင် ကိုယ့်အားကိုယ်ကိုး မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်လည်းရှိပြီးတော့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းတွေကပဲ တာဝန်ယူပြီးတော့ ရုပ်သံဖမ်းလွှင့်လုပ်ငန်းကို ဆောင်ရွက်ပေးနေပါတယ်။ အလားတူ ပဉ္စဝတီ FM, MRTV-4, 5 Network ရုပ်သံတို့ကိုလည်း ထုတ်လွှင့်ပေးနေပါတယ်။ အဆိုပါထုတ်လွှင့်စက်တွေကတော့ သံတွဲမြို့ရဲ့ အမြင့်ဆုံးတောင်ကုန်းဖြစ်တဲ့ ရွှေနံ့တော်ဘုရားတောင်ကုန်းမှာ စက်များတပ်ဆင်ပြီးတော့ တစ်စုတစ်စည်းတည်း၊ တစ်နေရာတည်းမှာ ထုတ်လွှင့်ပေးနေပါတယ်။ ထုတ်လွှင့်ပေးတာမှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် မြဝတီရုပ်သံတို့က နေ့စဉ် ညနေ ၆ နာရီမှ ညအစီအစဉ်ပြီးဆုံးတဲ့အထိ၊ ပဉ္စဝတီ FM မှာ နံနက် ၆ နာရီက ည ၁၀ နာရီအထိ၊ MRTV-4 ရုပ်သံ၊ 5 Network က နံနက် ၆ နာရီမှ ည ၁၂ နာရီအထိ မိမိကိုယ်ပိုင် လျှပ်စစ်ဓာတ်အားပေးစက်များနှင့် လည်ပတ်ကြပါတယ်။ ကုန်ကျတဲ့လောင်စာဆီတွေကတော့ တစ်လကိုဆိုရင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဂါလန် ၆၀၊ မြဝတီရုပ်သံက ၂၅ ဂါလန်၊ ပဉ္စဝတီ FM နှင့် MRTV-4 ရုပ်သံကတော့ ကုမ္ပဏီတစ်ခုတည်းဖြစ်တဲ့အတွက်ကြောင့် ဂါလန် ၂၀၀၊ စုစုပေါင်း ၂၈၅ ဂါလန်လောက် ကုန်ကျပါတယ်။ အခုအခါ သံတွဲမြို့မှာ ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီတစ်ခုက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ပြီးတော့ ၂၀၁၁ ခုနှစ်၊ မေလဆန်းကပဲ ၂၄ နာရီ လျှပ်စစ်ဓာတ်အားပေးလျက် ရှိနေပါတယ်။ အဲဒီလျှပ်စစ်ဓာတ်အားကို ရယူပြီးရင် ရုပ်သံလွှင့်လုပ်ငန်းများကို လွှင့်မယ်ဆိုရင် လောင်စာဆီကို သုံးစွဲဖို့ မလိုအပ်တော့ပါဘူး။ ဒါ့အပြင် ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရခိုင်ပြည်နယ်

တောင်ပိုင်းကို ဥသျှစ်ပင်-တောင်ကုတ် မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းနှင့် တောင်ကုတ်-သံတွဲ-သူငွေးရေအားလျှပ်စစ်စီမံကိန်းတို့မှာ ဓာတ်အားခွဲရုံတည်ဆောက်ဖို့အတွက် လုပ်ငန်းများကို အစပြုလျက်ရှိနေပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အကုန်လောက်မှာ သံတွဲမြို့မှာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲနိုင်မှာ ဖြစ်တဲ့အတွက် အခုကပဲ ကြိုတင်ပြီးတော့ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ဖြန့်ချီတဲ့လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲပြီးတော့ ရုပ်သံလွှင့်ခြင်းလုပ်ငန်းများကို နေပြည်တော်မှာလွှင့်နေတဲ့ ပုံမှန်အချိန်အတိုင်း နံနက်ပိုင်းက စတင်ပြီးတော့ စနေ၊ တနင်္ဂနွေ နေ့လယ်ပိုင်းများအပါအဝင် ထုတ်လွှင့်ပေးဖို့အတွက် ဒေသခံမိဘပြည်သူတွေက လိုလားတောင့်တလျက်ရှိပါတယ်။ ဒါကြောင့် သံတွဲမြို့မှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်ခြင်းနှင့် မြဝတီရုပ်သံထပ်ဆင့်လွှင့်ခြင်းတို့ကို ပုံမှန်ထုတ်လွှင့်ချိန်အတိုင်း နံနက်မှစတင်ပြီးတော့ စနေ၊ တနင်္ဂနွေ နေ့လယ်အပါအဝင် နေ့စဉ်ထုတ်လွှင့်ပေးနိုင်ပါမည်လား။ နောက်တစ်ခုက MRTV-4 ရုပ်သံတစ်လိုင်းတည်းကိုပဲ နေပြည်တော်၊ ရန်ကုန်မြို့များကဲ့သို့ သံတွဲမြို့မှာ Free to Air ထုတ်လွှင့်ပေးနိုင်ပါမည်လား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးဝင်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းရဲ့ မေးမြန်းချက်နှင့် ပတ်သက်လို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ ယနေ့အထိ ရုပ်မြင်သံကြားထပ်ဆင့် လွှင့်စက်ရုံပေါင်း ၂၂၇ ရုံဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ယင်း ၂၂၇ ရုံမှာ စက်ရုံကြီးပေါင်း ၂၅ ရှိရာ၊ ဓာတ်အားရရှိသော စက်ရုံ ၂၃ရုံနှင့် ဓါတ်အားမရရှိသောစက်ရုံ ၂ရုံ ပါဝင်ပါတယ်။ မဟာဓါတ်အားလိုင်းရရှိသော စက်ရုံငယ် ၃၄ ရုံ၊ မြို့နယ်လျှပ်စစ်မီး အချိန်ပိုင်းရရှိသော စက်ရုံငယ် ၆၅ ရုံနှင့် မြို့နယ်လျှပ်စစ်မီးမရရှိသော စက်ရုံငယ် ၁၀၃ ရုံ ရှိပါတယ်။ ရုပ်မြင်သံကြားထုတ်လွှင့်သည့် အချိန်များမှာ နေ့စဉ် နံနက် ၇ နာရီမှ ၁၁ နာရီ၊ ညပိုင်းတွင် ညနေ ၄ နာရီမှ ည ၁၁ နာရီအထိနှင့် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက်ပိုင်း၊ ညပိုင်း အစီအစဉ်များအပြင် နေ့လယ်

၁၁ နာရီမှ မွန်းလွဲ ၃ နာရီအထိ ထုတ်လွှင့်လျက်ရှိရာ နေ့စဉ်ပျဉ်းမျှ ထုတ်လွှင့်ချိန် ၁၃ နာရီနှင့် တစ်လပျဉ်းမျှထုတ်လွှင့်ချိန် ၃၉၀ နာရီ ရှိပါတယ်။ လျှပ်စစ်ဓာတ်အားရရှိသော စက်ရုံများမှာ လျှပ်စစ်ဓာတ်အားဖြင့် ဦးစားပေးထုတ်လွှင့်ပြီး ဓာတ်အားပြတ်တောက်ချိန်တွင် အရန်မီးစက်ဖြင့် စက်သုံးဆီရရှိမှုအပေါ် မူတည်ပြီးတော့မှ ထုတ်လွှင့်လျက်ရှိပါတယ်။ ဓာတ်အားမရရှိသော စက်ရုံများမှာ စက်ရုံပိုင်မီးစက်ဖြင့်သာ စက်သုံးဆီ ရရှိမှုပေါ် မူတည်၍ ထုတ်လွှင့်ပေးနေပါတယ်။ နယ်စက်ရုံများအတွက် စက်သုံးဆီခွဲတမ်းလစဉ် ဂါလန် ၁၀၀၀၀ ဝန်းကျင်ရရှိပြီး စက်ရုံ ၂၀၀ ကျော်ကို ခွဲဝေသုံးစွဲနေရပါတယ်။ လွှင့်အားနည်းစက်ရုံများတွင် အချို့ ဂါလန် ၃၀၊ အချို့ ၄၀၊ အချို့ ၅၀ စသည်ဖြင့် ခွဲဝေချထားပေးပါတယ်။ လျှပ်စစ်ဓာတ်အား မရရှိသော စက်ရုံငယ်များအနေဖြင့် ရရှိသည့် ဆီခွဲတမ်းပေါ် မူတည်၍ တစ်လလျှင် နာရီ ၆၀၊ နာရီ ၈၀၊ နာရီ ၁၀၀ ကျော်စသည်ဖြင့် သတင်းချိန်ပါဝင်သည့် ညနေ ၆ နာရီမှ အစီအစဉ်ပြီးဆုံးချိန်အထိ အချိန်ပိုင်းကို ဦးစားပေး ထုတ်လွှင့်နေပါတယ်။ သံတွဲရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားလွှင့်စက် 500 w နှင့် ဒေသခံကိုယ့်အားကိုယ်ကိုး မြဝတီရုပ်မြင်သံကြား အစီအစဉ်လွှင့်စက် 20 w တို့ကို စနေ၊ တနင်္ဂနွေ အပါအဝင် ညနေ ၆ နာရီမှ အစီအစဉ်ပြီးဆုံးချိန်အထိ ပုံမှန်အစီအစဉ်များနှင့် တိုက်ရိုက်ထုတ်လွှင့်သည့် အထူးအစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ သံတွဲစက်ရုံမှာ လျှပ်စစ်ဓာတ်အား မရရှိဘဲ ဌာနမှ ခွဲဝေချထားပေးသော စက်သုံးဆီဂါလန် ၆၀ နှင့် ဒေသမှ ပံ့ပိုးသော စက်သုံးဆီ ၂၅ ဂါလန်၊ ပေါင်းစက်သုံးဆီ ၈၅ ဂါလန်ဖြင့် လစဉ် နာရီ ၁၈၀ ကျော် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။

သံတွဲမြို့မှာ ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီတစ်ခုက အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ၂၀၁၁ ခုနှစ်၊ မေလဆန်းကပင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားပေးလျက်ရှိကြောင်း ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ ဖော်ပြထားပါတယ်။ လျှပ်စစ်မီးဖြင့် ထုတ်လွှင့်နိုင်ရန်အတွက် သံတွဲစက်ရုံတည်ရှိရာ ရွှေနံတော်ဘုရားတောင်ကုန်းသို့ 11KV ဓါတ်အားလိုင်း ၁ မိုင်ခန့်၊ 100KVA Transformer နှင့် လိုအပ်သော ဓာတ်အားလိုင်းဆွဲရမည်ဖြစ်ပြီး ကျပ်သိန်း ၃၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တွက်ချက်ပေးထားပါတယ်။ သံတွဲမြို့၊ ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီမှ ဓာတ်အားတစ်ယူနစ်လျှင် ၄၈၀ ကျပ် ကျသင့်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ သံတွဲမြို့တွင် လက်ရှိထုတ်လွှင့်နေသော နာရီ ၁၈၀ ထုတ်လွှင့်ပါက ယူနစ် ၉၀၀ သုံးရမည်ဖြစ်ပြီး ဓာတ်အားခကျသင့်ငွေလစဉ် ၄၃၂၀၀၀ ကျပ်ကုန်ကျပါ့မယ်။ နံနက်၊ နေ့၊ ည အချိန်ပြည့် တစ်လ ၃၉၀ နာရီ ထုတ်လွှင့်ပါက

ယူနစ် ၂၀၀၀ ခန့် သုံးရမည်ဖြစ်ပြီး တစ်လခတ်အားခ ကျသင့်ငွေ ကျပ် ၉၆၀၀၀၀ ကုန်ကျမှာ ဖြစ်ပြီး တစ်နှစ်ဆိုပါက ၁၁၅၂၀၀၀၀ ကျပ်ကုန်ကျမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် သံတွဲမြို့နည်းတူ မြို့နယ် လျှပ်စစ်ဓာတ်အားမရဘဲ စက်သုံးဆီနှင့် လည်ပတ်နေရပြီး မြို့မီးလင်းရေးကော်မတီ သို့မဟုတ် ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားပေးရေးမှ လျှပ်စစ်ဓာတ်အားရယူပြီး ရုပ်မြင်သံကြားထုတ်လွှင့်နိုင်သော ထပ်ဆင့်လွှင့်စက်ရုံ ၁၅ ရုံရှိပါတယ်။ ဒါကြောင့် သံတွဲထပ်ဆင့်လွှင့်စက်ရုံကို ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီမှ လျှပ်စစ်ဓာတ်အားရယူပြီး ထုတ်လွှင့်ပေးပါက ကျန်စက်ရုံများကိုလည်း တစ်ပြေးညီထုတ်လွှင့်ပေးသွားရမှာ ဖြစ်ပါတယ်။ ဒီလို ထုတ်လွှင့်ပေးသွားမည်ဆိုပါက လစဉ် တစ်လကို စက်ရုံတစ်ရုံ နာရီ ၁၈၀ ထုတ်လွှင့်ပါက လစဉ်ဓာတ်အားခကျသင့်ငွေ ကျပ် ၆၄၈၀၀၀၀ ကုန်ကျပါမယ်။ နံနက်၊ နေ့၊ ည အချိန်ပြည့် တစ်လ ၃၉၀ နာရီ ထုတ်လွှင့်ပါက တစ်လ ဓာတ်အားခ ကျသင့်ငွေကျပ် ၁၄၄၀၀၀၀၀ ကုန်ကျမှာဖြစ်ပြီး တစ်နှစ်ဆိုပါက ၁၇၂၈၀၀၀၀၀ ကျပ် ကုန်ကျသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် ဘတ်ဂျက်ငွေမှ ကျခံသုံးစွဲရန် ရေရှည်မှာ အခက်အခဲရှိလာနိုင်ပါတယ်။

ဒါကြောင့် သံတွဲမြို့မီးလင်းရေးကော်မတီအနေနဲ့ တစ်ယူနစ်ကို ၄၈၀ ကျပ်နှုန်း မဟုတ်ပဲ ၂၀၀ ကျပ်နှုန်းခန့်ဖြင့် ပေးနိုင်မည်ဆိုပါက မီတာခကျသင့်ငွေနှင့် ဓါတ်အားလိုင်း Transformer အတွက် ကုန်ကျမည့် ငွေကျပ် သိန်း ၃၀၀ တို့ကို ဘတ်ဂျက် တင်ပြတောင်ခံပြီး ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယူဆပါတယ်။ သို့ပါ၍ သံတွဲမြို့ မီးလင်းရေးကော်မတီနှင့် မီတာခဈေးနှုန်း ညှိနှိုင်းရရှိမှုအခြေအနေနှင့် ၎င်းသံတွဲတွင် ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအပါအဝင် ဝန်ကြီးဌာနတစ်ခုလုံး၏ လုပ်ငန်းများ အတွက် ဘတ်ဂျတ်တောင်းခံရရှိမှု အခြေအနေအပေါ် မူတည်၍သာ ဆက်လက်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ MRTV-4 Channel ကို Free to Air ထုတ်လွှင့်ရန် မေးခွန်းနှင့် ပတ်သက်၍လည်း ယင်းသို့ Free to Air လွှင့်မည်ဆိုပါက လွှင့်လိုသည့်နေရာတွင် လွှင့်စက် Feeder နှင့် Antenna တစ်စုံ ထပ်မံဝယ်ယူတပ်ဆင်ရပါမယ်။ လက်ရှိတွင် လူဦးရေထူထပ် သော ရန်ကုန်၊ စစ်ကိုင်းနှင့် တောင်ကြီးမြို့များမှာ MRTV-4 Channel ကို Free to Air ထုတ်လွှင့်ပေး လျက်ရှိပါသည်။ ဆက်လက်၍ တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ထုတ်လွှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်းနှင့် လတ်တလောအားဖြင့် သံတွဲမြို့တွင် MRTV-4 ရုပ်သံလိုင်းအား Free to Air ထုတ်လွှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဓလေ့စရိုက်များအတွက် သီးခြားပြသထုတ်လွှင့်သော TV-Channel အသစ်တစ်ခုထုတ်လွှင့်ပေးရန် အစီအစဉ်ရှိမရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဆန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဆန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင် တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား မေးခွန်းများမေးမြန်းမှာဖြစ်ပါတယ်။ ဝန်ကြီးဌာန၏ ဌာနကြီး ၅ ခု အနက်မှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV နှင့် နိုင်ငံခြားသတင်းဌာနများရဲ့ပူးပေါင်းဆောင်ရွက်မှုစာချုပ်များအကြောင်းနှင့်တကွ MRTV မှာ Channal အသစ်တစ်ခု ထုတ်လွှင့်ပေးရန်ကိစ္စတို့ကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ MRTV ဟာ နိုင်ငံတကာ သတင်းဌာနများနှင့်ပူးပေါင်းဆက်သွယ်ပြီး အပြန်အလှန်သတင်းဖလှယ်ရေးနှင့် ပူးပေါင်းရေးအတွက် အောက်ပါသတင်းဌာနများနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ CCTV၊ ဂျပန်နိုင်ငံမှ NHK ၊ ပြင်သစ်နိုင်ငံမှ CSI၊ ကိုရီးယားနိုင်ငံမှ **ဒရော့ကာ** Fuondation မလေးရှားနိုင်ငံမှ အသံလွှင့်ဌာန၊ နောက်တစ်ခါ ယူနန်ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာန၊ နောက်တစ်ခါ မဲခေါင်ဒေသတွင်း ၆ နိုင်ငံနှင့် Documentary Series အသံလွှင့်တဲ့ကိစ္စ၊ နောက်ဂျာမနီနိုင်ငံက DW ထုတ်လွှင့်နေတဲ့ ရုပ်သံအစီအစဉ်များကို ဗြိုလ်တုမှတစ်ဆင့် ဖမ်းယူပြီးတော့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပြန်လည်ထုတ်လွှင့်ခွင့် သဘောတူညီချက်မူကြမ်း၊ နောက်တစ်ခါ CCTV-9 အစီအစဉ်များကို မြန်မာနိုင်ငံမှာ အခမဲ့ပြသခွင့်သဘောတူစာချုပ်များချုပ်ဆိုပြီးတော့ ဆောင်ရွက်နေကြောင်းသိရှိရပါတယ်။ ဖော်ပြပါဆောင်ရွက်လျက်ရှိသော စာချုပ်များဟာ ယခုအခါ နိုင်ငံအလိုက် မည်မျှအကောင်အထည်ဖော်ဆောင်ရွက်အောင်မြင်လျက်ရှိသော အခြေအနေများကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မြန်မာနိုင်ငံမှာ MRTV, MRTV-4၊ မြဝတီစတဲ့ရုပ်သံလိုင်းများအပြင် Myanmar International, 5-Movies, Sky Net စတဲ့ ရုပ်သံလိုင်းများဟာ ပြည်သူတို့ကို ပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်း၊ အားကစားကဏ္ဍများ ထုတ်လွင့်

ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာများ၊ ကျောင်းသင်ခန်းစာများ၊ ဘာသာရေးများ၊ ဗဟုသုတများ စသည်ဖြင့် ကဏ္ဍစုံအောင် ထုတ်လွှင့်ပြသနေသဖြင့် ကျွန်တော်တို့ ပြည်သူများအနေဖြင့် အတော်အတန်ပြည့်စုံစွာ ကြည့်ရှုနိုင်ကြပြီလို့ ဆိုနိုင်ပါတယ်။ သို့သော် မြန်မာနိုင်ငံရဲ့ ရိုးရာဓလေ့များ၊ ထုံးတမ်းအစဉ်အလာများ၊ အနုပညာများကို ပြသပေးခြင်းကဏ္ဍမှာတော့ အားနည်းနေသေးကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာနေထိုင်ကြသော ဗမာအပါအဝင် တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်တို့ကို ဖော်ညွှန်းပြသပေးရန်အတွက် MRTV မှ Channel လိုင်းတစ်ခု တိုးချဲ့ထုတ်လွှင့်ပေးရန် လိုအပ်နေပါပြီ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်တဲ့ သရေခေတ္တရာမှ ယဉ်ကျေးမှုများ၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်းခေတ်နှောင်းပိုင်းမှ ယဉ်ကျေးမှုများ၊ ရခိုင်ဒေသ၊ ထားဝယ်ဒေသယဉ်ကျေးမှုများ၊ အမွေအနှစ်များ၊ နောက်တစ်ခါ မြန်မာတို့ရဲ့ပန်းဆယ်မျိုးလို့ခေါ်တဲ့ ပန်းချီ၊ ပန်းပု၊ ပန်းတိမ်၊ ပန်းဘဲ၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့စတဲ့ မြန်မာ့ရိုးရာများအပြင် ရွှေချီထိုး၊ ငွေချီထိုးလုပ်ငန်းများ၊ ယွန်းထည်လုပ်ငန်းများ စသည်ဖြင့် အများအပြားတင်ပြစရာတွေများလှပါတယ်။ ဒါ့အပြင် ရှေးဟောင်းကဇာတ်များဖြစ်တဲ့ နန်းတွင်းအီနောင်ကဇာတ်ကြီးများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ယဉ်ကျေးမှု ဆက်စပ်နေတဲ့ ရာမ၊ လက္ခဏာ၊ သီတာဒေဝီ၊ ဒသဂီရိ စတဲ့ ဇာတ်ဆောင်များပါဝင်တဲ့ ရာမာရဏ ဇာတ်တော်ကြီးများ၊ ခံ့ညားထည်ဝါပြီး ဂုဏ်ယူစရာကောင်းလှသည့် မြန်မာ့ဆိုင်းဝိုင်းကြီးရဲ့ ဖျော်ဖြေခန်းများ၊ ရှေးခေတ်မြေဝိုင်းအကများမှ ယနေ့အထိကပြနေသော ဇာတ်သဘင်များရဲ့ဖျော်ဖြေမှုများ၊ မြန်မာ့အငြိမ့်သဘင်ဖျော်ဖြေခန်းများ၊ ရုပ်သေးအကဖျော်ဖြေမှုများ၊ မြန်မာတို့ရဲ့ ယဉ်ကျေးမှုများဖြစ်တဲ့ နားသမင်္ဂလာ၊ ရှင်ပြုမင်္ဂလာ၊ လက်ထပ်မင်္ဂလာစတဲ့ ဖျော်ဖြေမှုများအပြင် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်းနေ့၊ ပလောင်၊ ဝ၊ နာဂစတဲ့ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းယဉ်ကျေးမှုများရဲ့အကများကို ထုတ်လွှင့်သွားဖို့ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလွန်များပြားလှတဲ့ မြန်မာ့ရှုခင်း၊ ရှုကွက်၊ အလှအပများ၊ မြန်မာတို့ရဲ့ကမ္ဘာကျော်တွင်းထွက်ရတနာများ၊ အဖိုးတန်သစ်တောကြီးများနှင့် မြန်မာ့ကျွန်းသစ်စတဲ့ ပြကွင်း၊ ပြကွက်များ ပြသပေးရန်အတွက် TV-Channel တစ်ခုအမှန်လိုအပ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုထုတ်လွှင့်ပြသနေသော Myanmar International Channel လိုင်းအနေနဲ့လည်း နိုင်ငံတကာသို့ ဌာနပေါင်းစုံမှ ထုတ်လွှင့်ပြသနေသော်လည်းပဲ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုအနုပညာများကို စုံလင်စွာပြသနိုင်ခြင်း မရှိသေးပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့နိုင်ငံခြားခရီးသည် ဝင်ရောက်မှုမှာ တိုးတက်များပြားလာနေကြောင်းလည်း သိရှိရပါတယ်။ ၂၀၁၃ ခုနှစ်၊ (၂၇) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ် အာဆီယံ ၁၀ နိုင်ငံအစည်းအဝေးကြီးများ ကျင်းပမည်ဖြစ်ရာ ပြည်ပမှခရီးသည်များ ယခုထက်ပိုမိုများပြားလာမည်မှာ သေချာလှပါတယ်။ အဲဒီခရီးသည်များအတွက် ဟိုတယ် ဧည့်ကြိုခန်းအတွင်းသို့ ဝင်ချိန်မှာလည်းကောင်း၊ ဟိုတယ်အိပ်ခန်းအတွင်းသို့ ဝင်ချိန်မှာ လည်းကောင်း၊ မြန်မာတို့ရဲ့ ရိုးရာဓလေ့စရိုက် အနုပညာများကို ပြသနေတဲ့ TV-Channel အသစ်က ဂုဏ်ယူစွာနဲ့ကြိုဆိုနေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခြုံ၍တင်ပြရရင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၏ ရှေးဟောင်းအမွေအနှစ်ဖြစ်တဲ့ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ နန်းတော်များ၊ နန်းတော်ရာများ၊ မြို့ရိုးများအပါအဝင် ဗမာလူမျိုးတို့ရဲ့ ဓလေ့ထုံးစံအနုပညာများ အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ရဲ့ ရိုးရာဓလေ့ထုံးတမ်းအနုပညာများကို တင်ဆက်ပြသမည့် TV-Channel လိုင်းတစ်ခု အမှန်တကယ်လိုအပ်နေပါကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ သက်ဆိုင်ရာဌာနအနေဖြင့် TV-Channel လိုင်းအသစ်တစ်ခုကို အမျိုးသားရေးဖော်ဆောင်မှုအရ လည်းကောင်း၊ ခေတ်စနစ်၏လိုအပ်ချက်အရလည်းကောင်း ထုတ်လွှင့်ပေးပါရန်အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးဝင်း(ဒုတိယဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းမေးမြန်းတဲ့ မေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးအောင်ဆန်းမေးမြန်းထားတဲ့ မေးခွန်းထဲမှာဆိုရင်တော့ အဓိကအားဖြင့် အချက် ၃ ချက် မေးမြန်းသွားတာကို တွေ့ရပါတယ်။ အဲဒီအချက် ၃ ချက်ကတော့ (၁) မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတကာသတင်းဌာနများနှင့် ချုပ်ဆိုထားသော စာချုပ်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်အောင်မြင်လျက်ရှိသော အခြေအနေ (၂) ဝန်ကြီးဌာနအနေ ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဓလေ့စရိုက်များအတွက် သီးခြား TV-Channel တစ်ခု ထုတ်လွှင့် ပေးရန် အစီအစဉ်ရှိ၊မရှိ (၃) ကိုယ့်အားကိုယ်ကိုးတည်ထောင်ဖွင့်လှစ်ထားသော စာကြည့်တိုက်များ၏ အဆောက်အဦပြင်ဆင်တိုးချဲ့ခြင်း၊ ပရိဘောဂနှင့် စာအုပ်များဖြည့်ဆည်းခြင်းတို့အတွက် မြန်မာနိုင်ငံ

စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ကူညီပေးရန်အစီအစဉ်ရှိမရှိ စသည့်အချက် ၃ ချက်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းရဲ့ မေးမြန်းချက်မှ ပထမအချက်ဖြစ်တဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV နှင့် နိုင်ငံခြားသတင်းဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံခြားသတင်းဌာန ၁၀ ခုနှင့် စာချုပ်များရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ ရေးထိုးရာမှာ အောက်ပါအဓိကအချက် ၃ ချက် ပါဝင်ပါတယ်။ (၁) ရုပ်သံလွှင့်ဌာနတစ်ခုနှင့်တစ်ခုအကြား သတင်းဖလှယ်ရေး ဆောင်ရွက်နိုင်ရန် (၂) ရုပ်သံနှင့် အဖွဲ့အစည်းတစ်ခုမှ သတင်းထုတ်လုပ်သူ အယ်ဒီတာများ၊ အစီအစဉ်ကြီးကြပ်သူများအား အခြားရုပ်သံလွှင့်အဖွဲ့အစည်းသို့ အပြန်အလှန်သွားရောက်လေ့လာစေခြင်း၊ သင်တန်းများဖွင့်လှစ်တက်ရောက်စေခြင်းဖြင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ဆက်ဆံရေးတိုးမြှင့်ရန် (၃) ရုပ်သံလွှင့်အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား အစီအစဉ်များ ပူးပေါင်းထုတ်လုပ်ရန်နှင့် ရုပ်သံလွှင့်အစီအစဉ်များအား အပြန်အလှန် ဖလှယ်ရယူ၍ ထုတ်လွှင့်သွားရန်တို့ဖြစ်ပါတယ်။ သတင်းဖလှယ်ရေးအစီအစဉ်အရ China Central Television (CCTV), Nippon Hoso Kyokai (NHK), Deutsche Welle (DW) စသည့် မိတ်ဖက်ရုပ်သံလွှင့်ဌာနများမှ ရုပ်သံသတင်းအစီအစဉ်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတကာသတင်းများတွင် ထည့်သွင်းထုတ်လွှင့်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှပေးပို့သော သတင်းများကိုလည်း CCTV ကဲ့သို့ မိတ်ဖက်သတင်းဌာနများ၏ သတင်းအစီအစဉ်များတွင် ထည့်သွင်းထုတ်လွှင့်ပေးခဲ့ပါတယ်။ ဝန်ထမ်းများအပြန်အလှန် စေလွှတ်လေ့လာရေးအစီအစဉ်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများသည် စာချုပ်ချုပ်ဆိုထားသော နိုင်ငံများတွင် သက်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းများသို့ သွားရောက်လေ့လာခွင့်နှင့် သင်ကြားခွင့်များကိုလည်းရရှိခဲ့ပါတယ်။ ထိုသို့ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေးခရီးများ သွားရောက်ရာတွင်လည်း စာချုပ်ပါစည်းကမ်းအရ အသွားအပြန်လေယာဉ်စရိတ်နှင့် ခရီးစရိတ်များကို သွားရောက်လည်ပတ်ရန် စေလွှတ်သည့် နိုင်ငံဘက်မှ ကျခံရန်ဖြစ်ပြီး တည်းခိုနေထိုင်မှုနှင့် ဧည့်ခံစရိတ်များကို အိမ်ရှင်နိုင်ငံမှ ကျခံရန် သဘောတူညီချက်ဖြင့် သွားရောက်ရခြင်းဖြစ်သဖြင့် နိုင်ငံတော်ဘတ်ဂျက်ကိုချွေတာသည့်အနေဖြင့် လိုအပ်သည့် ခရီးစဉ်အရေအတွက်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်ဦးရေအား အနည်းဆုံးအရေအတွက်ဖြင့်သာ စိစစ်၍ စေလွှတ်ခွင့်ပြုခဲ့ပါတယ်။ ရုပ်သံအစီအစဉ် ပူးပေါင်းထုတ်လုပ်ရေးနှင့် ရုပ်သံအစီအစဉ်ဖလှယ်ရေး အစီအစဉ်များကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပမာအားဖြင့် ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့နှင့်အတူ မဲခေါင်မြစ်မှတ်တမ်းတင်

အစီအစဉ်ကို CCTV နှင့် သဘောတူညီချက် လက်မှတ်ရေးထိုးရိုက်ကူးကာ ၂၀၀၈ ခုနှစ်တွင် ၂ ကြိမ် ထုတ်လွှင့်ခဲ့ပြီး ဖြစ်ပါတယ်။ အလားတူ ဗီယက်နမ်အသံလွှင့်ဌာန (VOV) နှင့် ယူနမ်ရုပ်မြင်သံကြားမှ ရိုက်ကူးရေးအဖွဲ့များလည်း မြန်မာနိုင်ငံသို့လာရောက်ကာ ရုပ်မြင်သံကြားအစီအစဉ်များ ရိုက်ကူး ထုတ်လုပ်ခဲ့ပါတယ်။ ခြုံငုံသုံးသပ်ရလျှင် နိုင်ငံတကာသတင်းဌာနများနှင့် နားလည်မှုစာချွန်လွှာ၊ သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းဖြင့် အစီအစဉ်ပိုင်းဆိုင်ရာများတွင်လည်းကောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများတွင်လည်းကောင်း၊ နိုင်ငံတကာနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်းကောင်း အကျိုးရှိကြောင်း တွေ့ရှိရပါတယ်။ အနာဂတ်ကာလ တွင်လည်း ဆက်လက်၍ MOU- Agreement များကို နိုင်ငံတကာသတင်းဌာနများနှင့် ပူးပေါင်း၍ ဆက်လက်လက်မှတ်ရေးထိုး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီးမေးခွန်းမှာ ဒုတိယအချက်ဖြစ်တဲ့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ဓလေ့စရိုက်များအတွက် သီးခြားပြသထုတ်လွှင့်သော TV-Channel အသစ်တစ်ခု ထုတ်လွှင့်ပေးရန်အစီအစဉ်ရှိမရှိ အချက်နှင့်ပတ်သက်ပြီး ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် လက်ရှိ Free to Air ထုတ်လွှင့်လျက်ရှိသည့် TV-Channel များမှာ လှိုင်းနှုန်း ခွဲဝေမှု (Spectrum Sharing) ဆိုင်ရာ ကန့်သတ်ချက်ရှိသည့် Analogue စနစ်ဖြင့် ထုတ်လွှင့်နေခြင်းဖြစ် ပါတယ်။ Analogue စနစ်ဟာ ရုပ်သံလွှင့်စက်တစ်လုံးမှ ရုပ်သံအစီအစဉ် Channel တစ်ခုတည်း ကိုသာ ထုတ်လွှင့်၍ရပါတယ်။ Analogue ရုပ်သံလွှင့်ကွန်ယက်တစ်ခု တည်ဆောက်ရန်အတွက် အချိန်၊ ငွေကြေးများစွာ စိုက်ထုတ်ရန် လိုအပ်ပါတယ်။ ဒါကြောင့် ယင်း Analogue စနစ်ဖြင့် ရုပ်သံ လိုင်းတစ်လိုင်း အသစ်ထပ်မံတိုးချဲ့ထုတ်လွှင့်ရန် လက်ရှိအခြေအနေတွင် မဖြစ်နိုင်သေးပါ။ သို့ရာတွင် နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံတွင်လည်း International Telecomunication Union (ITU) ၏ နှိုးဆော်ထားချက်နှင့်အညီ အနာဂတ်ကာလတွင် Analogue Switch off ပြုလုပ်၍ Digital စနစ်သို့ အဆင့်လိုက် ကူးပြောင်းသည့် အစီအမံများ ရေးဆွဲကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် Analogue စနစ်ကို ရုပ်ဆိုင်း၍ ပိုမိုအရည်အသွေးကောင်းမွန်ပြီး ရုပ်သံ အစီအစဉ် Channel များစွာ ထုတ်လုပ်နိုင်သည့် Digital စနစ်သို့ ကူးပြောင်းရန် စီမံဆောင်ရွက်လျက် ရှိကြပါသည်။ Digital စနစ်သို့ ပြောင်းလဲပြီးပါက ရုပ်သံအစီအစဉ် Channel ၁၀ လိုင်းမှ ၁၅ လိုင်း အထိ တစ်ပြိုင်တည်း ထုတ်လွှင့်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို အဆင့်အလိုက် Digital စနစ်သို့ ကူးပြောင်းပြီး ရုပ်သံအစီအစဉ် Channel များ စတင်ထုတ်လွှင့်နိုင်သည့်အခါမှာ ကိုယ်စားလှယ်တော်

ကြီးအကြံပြုဆွေးနွေးသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဓလေ့စရိုက်များအတွက် သီးခြားထုတ်လွှင့်ပြသသည့် TV-Channel အပါအဝင် အခြားသော နယ်ပယ်ကဏ္ဍအသီးသီးနှင့် သက်ဆိုင်သည့် သီးသန့်ရုပ်သံလိုင်းများကိုပါ လိုအပ်သလို တိုးချဲ့သွားနိုင်အောင် သုံးသပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ တတိယအချက်ဖြစ်တဲ့ စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ အကူအညီပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်ရေးလုပ်ငန်းစီမံချက်ကို ၂၀၀၄ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ပေးရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ လူဦးရေအများစုဖြစ်တဲ့ ကျေးလက်နေပြည်သူများအနေနဲ့ အသိပညာဗဟုသုတပြည့်ဝစေဖို့နဲ့ ၎င်းတို့ရဲ့ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့သတင်းအချက်အလက်များ ရရှိနိုင်ဖို့အတွက်ဖြစ်ပါတယ်။ အဲဒီလို စာကြည့်တိုက်များ တည်ထောင်ရေးနှင့် ပတ်သက်ပြီး ကျေးလက်ဒေသများကို ဦးစားပေးဆောင်ရွက်ရတာဟာ မြို့ပေါ်ရပ်ကွက်များနှင့် နှိုင်းယှဉ်ပါက ကျေးလက်နေပြည်သူများအနေနဲ့ သတင်းအချက်အလက်များ ရရှိနိုင်မှု၊ စာအုပ်စာပေများဖတ်ရှုနိုင်တဲ့ အခွင့်အရေးနည်းပါးမှုတို့ကြောင့် ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်မှ မတည်ငွေများ ထည့်ဝင်ဆောင်ရွက်သကဲ့သို့ ဒေသခံပြည်သူများ၊ စေတနာရှင်များကလည်း ပါဝင်ကူညီပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၀၄ ခုနှစ်က စတင်ပြီး နိုင်ငံတော်မှ ကျပ်သိန်း ၁၁၀၀၀ နဲ့ စေတနာရှင်ပြည်သူများက မြေ၊ အဆောက်အဦ၊ ပရိဘောဂ၊ စာအုပ်စာစောင်၊ ရုပ်မြင်သံကြားစက်နှင့်ရေဒီယို၊ တန်ဖိုးငွေစုစုပေါင်းကျပ်ငွေ ၁၃ ဘီလီယံကျော် လှူဒါန်းပြီးဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ကျေးလက်နေပြည်သူများအတွက် အထက်ပါအတိုင်း ဆောင်ရွက်ပေးသကဲ့သို့ မြို့ပြမှာရှိတဲ့ ပြည်သူများ အသိပညာဗဟုသုတ ဆည်းပူးနိုင်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်ရုံးများမှာလည်း ဌာနပိုင်စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိပေးပြီး သုတ၊ ရသ စာအုပ်များကို ပြည်သူများ ဖတ်ရှုလေ့လာနိုင်ဖို့အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ စာအုပ်စာစောင် သိန်း ၁၀၀၀ ကျော်ဖိုးဝယ်ယူဖြည့်ဆည်းပေးခဲ့ပါတယ်။ ယခု ဘဏ္ဍာရေးနှစ်မှာလည်း ယခင်နှစ်ကထက် ပိုမိုဝယ်ယူဖြည့်တင်းပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါ

တယ်။ ဒါ့အပြင် မြို့ပေါ်ရပ်ကွက်များက စာကြည့်တိုက်များ တည်ထောင်လိုကြောင်း တင်ပြလာပါက လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာတော့ ကျေးလက်ဒေသမှာဖြစ်စေ၊ မြို့ပေါ်ရပ်ကွက်များမှာဖြစ်စေ စာကြည့် တိုက်များတည်ထောင်ရာမှာ နိုင်ငံတော်အစိုးရက ကုန်ကျစရိတ်အားလုံးကို ထည့်ဝင်ဆောင်ရွက်ပေး တာမျိုးမရှိဘဲ နိုင်ငံတော်အား၊ ဒေသခံပြည်သူများရဲ့အား၊ စေတနာရှင် ပြည်သူများရဲ့အားများ ပေါင်းစပ်ပြီး ဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ရပ်ကွက်များမှ စာကြည့်တိုက်အတွက် မြေနေရာနှင့် ဒေသခံပြည်သူများက ငွေအား၊ လုပ်အား ပါဝင်ဆောင်ရွက်နိုင်မယ့် အခြေအနေရှိရင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာ အားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်တွင် ရပ်ကွက်ပြည်သူများရဲ့ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မှု၊ စေတနာရှင်ပြည်သူများနဲ့ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုများကြောင့် ၂၀၁၀ ပြည့်နှစ်အတွင်းမှာ ရပ်ကွက် ၁၉ ရပ်ကွက်လုံးတွင် အခိုင်အမာစာကြည့်တိုက်များ တည်ဆောက်နိုင်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် များကို ဦးစားပေးအလေးထားဆောင်ရွက်နေသော်လည်း မြို့ပေါ်ရပ်ကွက်နေပြည်သူများအနေနဲ့ စာကြည့်တိုက်များထူထောင်ရန်အတွက် လိုအပ်တဲ့မြေနေရာနှင့် ငွေ၊ လုပ်အားပါဝင်ဆောင်ရွက်နိုင် မယ့်အခြေအနေရှိမှသာ ရပ်ကွက်စာကြည့်တိုက်များပေါ်ပေါက်ရေးကို ကူညီပံ့ပိုးဆောင်ရွက်ပေးသွား မှာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

စာကြည့်တိုက်ဖောင်ဒေးရှင်းအနေနဲ့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့် တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၀ ပြည့်နှစ် မေလ ၁၀ ရက်နေ့မှာ စတင်ဖွဲ့စည်း ခဲ့တာဖြစ်ပါတယ်။ ဖောင်ဒေးရှင်းအနေနဲ့ သက်တမ်း ၂ နှစ်တာကာလအတွင်းမှာ စာကြည့်တိုက် အဆောက်အဦ ၈၈ လုံး၊ စာအုပ်ပေါင်း ၁၁၀၀၀ ကျော်အပါအဝင် ငွေကျပ် ၁၀၄၅ သိန်းကို စာကြည့်တိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အသုံးပြုခဲ့ပြီးဖြစ်ပါတယ်။ ဖောင်ဒေးရှင်းအနေနဲ့ စေတနာရှင် များရဲ့ လှူဒါန်းငွေ သိန်း ၇၀၀၀ ကျော်ကို မတည်ရန်ပုံငွေအဖြစ် ထားရှိပြီး ရရှိလာတဲ့အတိုးများကိုသာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အသုံးပြုလျက်ရှိပါတယ်။ ဖောင်ဒေးရှင်းစည်းမျဉ်းများအရ စာကြည့်တိုက်အဆောက်အဦ၊ ပရိဘောဂနှင့် စာအုပ်စာစောင်များ လိုအပ်နေတဲ့ စာကြည့်တိုက်များအနေနဲ့ သက်ဆိုင်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရဲ့ ထောက်ခံချက်များနှင့်အတူ စာကြည့်တိုက်ဖောင်ဒေးရှင်း တင်ပြလျှောက်ထားနိုင်ပါတယ်။

ဖောင်ဒေးရှင်းမှ အကူအညီရယူလိုတဲ့ စာကြည့်တိုက်များအနေနဲ့လည်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှာ အသေးစိတ်အချက်အလက်များ မေးမြန်းစုံးစမ်းနိုင်သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကလည်း လျှောက်လွှာများကို စာကြည့်တိုက်ဖောင်ဒေးရှင်းသို့ တင်ပြနိုင်တဲ့အဆင့်အထိ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖောင်ဒေးရှင်းအမှုဆောင်အဖွဲ့ကလည်း အဲဒီလျှောက်လွှာများကို စိစစ်ပြီး ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အချိန်၊၁၁း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို နေ့လယ် ၁၁း၃၀ နာရီမှာ ပြန်လည်ကျင်းပပါမယ်။ ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကိုမိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး အစည်းအဝေးအစီအစဉ်များ ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်၏ မြန်မာနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသား ကျောင်းသူများအတွက် ကျောင်းဆောင်များဖွင့်လှစ်ထားရှိပြီးအဆောင်နေခွင့်စနစ်ကိုကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အတွက် ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကမာရွတ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်အား မြန်မာနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဆောင်များဖွင့်လှစ်ထားရှိပြီး အဆောင်

နေခွင့်စနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန်အတွက် ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင် (ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ ပြည်သူတွေရဲ့ ဆန္ဒ၊ ကျောင်းသား ကျောင်းသူများရဲ့ ဆန္ဒ၊ ကျောင်းသားမိဘများရဲ့ ဆန္ဒနှင့်အတူ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များအားလုံးရဲ့ ဆန္ဒလည်းဖြစ်တဲ့ အဆိုဖြစ်ပါတယ်။ ဒီအဆိုကတော့ မြန်မာနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသား ကျောင်းသူများအတွက် ကျောင်းဆောင် (Hostel) များဖွင့်လှစ်ထားရှိပြီး၊ အဆောင်နေခွင့်စနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက် ပေးရေးအတွက်ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော့်အနေနဲ့ သမိုင်းကြောင်းလေးနဲ့အတူ ကျိုးကြောင်းဖော်ပြချက် တင်ပြခွင့်ပြုဖို့ ခွင့်ပန်လိုပါတယ်။ မြန်မာနိုင်ငံသမိုင်းမှာ တက္ကသိုလ် စတည်တဲ့ ၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်ပါတယ်။ ရန်ကုန်တက္ကသိုလ် စတည်ထောင်တဲ့အခါမှာ The New University Act ပြဋ္ဌာန်းပြီးတော့ Self Regulated University ကိုယ်ပိုင်စီရင်အုပ်ချုပ်ခွင့် ရသည့် တက္ကသိုလ်အနေနဲ့ ဖွင့်လှစ်ပါတယ်။ တက္ကသိုလ်ကြီးကို စထောင်တဲ့အခါမှာလည်းပဲ ကိုယ်ပိုင် ရန်ပုံငွေနဲ့ စထောင်ပြီးတော့ Rangoon University Campus ကို ကျွန်တော်တို့စလုပ်ပါတယ်။ တက္ကသိုလ်ရဲ့ အင်္ဂါရပ်နဲ့ညီအောင် အဲဒီ Campus မှာအဆောင်တွေ ကျွန်တော်တို့ ထည့်ထားပါ တယ်။ ကျွန်တော် ဗဟုသုတအဖြစ်ပြောရရင် ရန်ကုန်တက္ကသိုလ်စထောင်တုန်းက ကျွန်တော်တို့ College နှစ်ခုနဲ့ ပေါင်းထောင်ပါတယ်။ တစ်ခုက Jason College နဲ့ တစ်ခုက ရန်ကုန် College တို့ဖြစ်ပါတယ်။ ဒီနေ့ ရန်ကုန်တက္ကသိုလ်ကြီးထဲဝင်သွားလို့ရှိရင် ဘွဲ့နှင်းသဘင်ကို ဦးတည်ပြီး လျှောက်သွားလို့ရှိရင် ကျွန်တော်တို့ ဘယ်ဘက်က အဆောက်အဦတွေဟာ အဲဒီတုန်းက Jason College ဖြစ်ပါတယ်။ Jason Church ကြီးဆိုတာ ရှိပါတယ်။ ညာဘက်မှာကျတော့ ရန်ကုန် College အဆောက်အဦရှိပါတယ်။ သစ်ပုပ်ပင်ကြီး ရှိပါတယ်။ အဲဒီ ကျောင်းဆောင်တွေကို တက္ကသိုလ်ဝင်တဲ့ စာသင်ဆောင်တွေ စာသင်ခန်းမတွေ မရောက်ခင်မှာ ဒီအဆောင်ကြီးတွေကို

ကျွန်တော်တို့ လျှောက်ပါတယ်။ ဆိုလိုတာက တက္ကသိုလ်စတဲ့အခါမှာ တက္ကသိုလ်ရဲ့ နယ်မြေ၊ တစ်နည်းအားဖြင့် တက္ကသိုလ်ရဲ့ Campus Life က အဆောင်တွေရှိမှ ဖြစ်မယ်ဆိုတဲ့ ကျွန်တော်တို့ တက္ကသိုလ်ရပ်တည်ချက်နဲ့ ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်ပြီးတဲ့နောက် မန္တလေးတက္ကသိုလ်၊ အဲဒီနောက် Faculty တွေပေါ်လာတော့ Faculty of Engeering၊ Faculty of Education ထောင်တဲ့အခါမှာလည်းပဲ အဆောင်တွေ ကျွန်တော်တို့ ဆောက်ပြီးတော့ Campus ကျွန်တော်တို့ ထားပါတယ်။ ဒီနောက်တစ်ခါ ကျွန်တော်တို့ တိုင်းနှင့်ပြည်နယ်အသီးသီးမှာ ဖွင့်တဲ့ ပုသိမ်၊ မော်လမြိုင်၊ မကွေး၊ တောင်ကြီး၊ မြစ်ကြီးနား ကောလိပ်တွေ နောက် တက္ကသိုလ်ဖြစ်လာတယ်။ ထောင်တော့လည်းပဲ သူတို့ ဒီ Campus အလိုက်ရအောင် အဆောင်တွေထားပြီးတော့ ကျင့်သုံးခဲ့ပါတယ်။ အဆောင်ဟာ တက္ကသိုလ်ရဲ့အသက်ပဲဖြစ်ပါတယ်။ အဆောင်ရှိမှ အဆောင်မှာ ကျောင်းသားတွေနဲ့ စိုပြေနေမှ တက္ကသိုလ် စိုပြေမယ့်သဘောရှိပါတယ်။ တက္ကသိုလ်ရဲ့ ကျောင်းသားရဲ့ Life၊ ကျောင်းသားရဲ့ဘဝ၊ ကျောင်းသားရဲ့ ဂုဏ်သိက္ခာဟာ အဆောင်တွေမှာပဲ ကျွန်တော်တို့ စတင်ပျိုးထောင်ပေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီအချိန်အခါမှာ ကျွန်တော်တို့ ကျောင်းသားတွေဟာ အဆောင်တွေမှာ အေးအေးချမ်းချမ်း စည်းစည်းလုံးလုံးနဲ့ နေထိုင်ကြပြီးတော့ တက္ကသိုလ်ပညာတွေကို စိတ်အေးချမ်းသာစွာနဲ့ သင်ကြားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့အခြေအနေ၊ တိုင်းပြည်အခြေအနေအရပ်ရပ်ကြောင့် ၁၉၉၈ ခုနှစ် နောက်ပိုင်းမှာ အဆောင်နေခွင့်စနစ်ကို ရပ်ဆိုင်းခဲ့ပါတယ်။ ရပ်ဆိုင်းခဲ့ပြီးတော့ ကျောင်းသားတွေအားလုံးကို နေ့ကျောင်းသားနဲ့ တက်တဲ့စနစ်ကို ပြောင်းလဲကျင့်သုံးပါတယ်။ ဒါဟာအဲဒီအချိန်မှာ လိုအပ်တဲ့အတွက်ကြောင့် ကျောင်းဆောင်နေခွင့်ကို ရပ်ဆိုင်းထားခဲ့တယ်လို့ ကျွန်တော်တို့လည်း နားလည်ပါတယ်။ အဲဒီနောက်ပိုင်းမှာ တက္ကသိုလ်တွေထောင်တဲ့အခါကျတော့ ကျွန်တော်တို့ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နောက်ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေလည်း ပြည်နယ်အလိုက်ဆောက်တဲ့အခါကျတော့ ကျွန်တော်တို့ တက္ကသိုလ်နယ်မြေရှာတဲ့အခါမှာလည်းပဲ မြို့ရဲ့ပြင်ပနည်းနည်းအလှမ်းဝေးတဲ့နေရာ၊ အဲဒီမှာ ကျွန်တော်တို့ တက္ကသိုလ်ကြီးတွေ ဆောက်ပါတယ်။ ဆောက်တဲ့အခါကျတော့ ခုန ကျွန်တော်တို့ တက္ကသိုလ်ရဲ့ အသွင်အပြင်လက္ခဏာအဓိကဖြစ်တဲ့ Campus အလိုက်ပေးဖို့အဆောင်တွေ ထည့်သွင်းပြီးတော့ မဆောက်တော့ပါဘူး။ စာသင်ဆောင်ကြီးတွေနဲ့ ခမ်းခမ်းနားနားအဆောက်အဦတွေရှိသော်လည်း အဆောင်မရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ အဲဒီနေရာတွေမှာ ကျောင်းတက်ဖို့ ကျောင်းသားတွေလာတဲ့အခါကျတော့ တချို့တက္ကသိုလ်တွေက ဒီမြို့နယ်က

မဟုတ်ပဲနဲ့ တခြားမြို့ကနေလာတဲ့အခါကျတော့ သူတို့မှာနေစရာ တက္ကသိုလ် Campus အဆောင်မရှိတဲ့အတွက်ကြောင့် အဲဒီအနီးအနားမှာရှိတဲ့ရွာတွေမှာ ရပ်ကွက်တွေမှာ နီးစပ်ရာနေရာတွေမှာ အခန်းတွေငှား၊ အဆောက်အဦတွေငှား၊ အိမ်တွေငှားပြီးတော့ သူတို့နေရပါတယ်။ နေပြီးတော့ သူတို့ကျောင်းတက်ခဲ့ရပါတယ်။ ဒါ ၁၉၉၈ တည်းက ၁၅ နှစ်လောက်ကြာသွားပါပြီး ဒီအခါကျတော့ တက္ကသိုလ်ကျောင်းသားတွေဟာ ခုနအဆောင်ရဲ့၊ ကျွန်တော်တို့ တက္ကသိုလ်ရဲ့အဆောင်မှာ စနစ်တကျစည်းကမ်းတကျ အဆောင်မှူး၊ အဆောင်နည်းပြတွေရဲ့ သွန်သင်ဆုံးမမှုအောက်မှာမရှိတော့တဲ့အတွက်ကြောင့် ကျောင်းသားတွေဟာ သူတို့သဘာဝအလျှောက် အထိန်းအကွပ်၊ အကြပ်အမတ်မရှိပဲနဲ့ ဒီနေ့အထိ ပညာသင်ကြားနေရပါတယ်။ စည်းကမ်းလည်းပဲ လျော့နည်းလာတာ ဒီနေ့အမြင်ပဲဖြစ်ပါတယ်။ နောက်တစ်ခုက ကျောင်းသားတွေဟာ သူတို့ ကျောင်းတက်တဲ့အခါကျတော့ ကျွန်တော်တို့ကျောင်းနဲ့ အလှမ်းဝေးတဲ့အတွက်ကြောင့်၊ နေ့ကျောင်းတွေဖြစ်တဲ့အတွက်ကြောင့် ကျောင်းတက်ရတဲ့အခါမှာ မီးရထားတွေ၊ ဖယ်ရီကားတွေနဲ့ တချို့လည်းပဲ သွားပြီးတော့တက်ရတယ်။ ဒီတော့ သူတို့တစ်နေ့ကို ၃ နာရီလောက်အချိန်ကုန်သွားပါတယ် အသွားရော၊ အပြန်ရော၊ ဒီအချိန်မှာ သူတို့ကျောင်းထဲကိုလာဖို့ သူတို့ရဲ့ ဆန္ဒဟာနည်းပါးသွားပါတယ်။ ဒီအခြေအနေပေါ်လာပါတယ်။ ဒီပြင်တစ်ခါ ကျွန်တော်တို့ရဲ့ ဖော်ဆောင်ထားတဲ့ ပညာရေးစနစ်ရဲ့ အားနည်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ကျူရှင်စနစ်တွေကလည်း ထွန်းကားတဲ့အတွက်ကြောင့် တက္ကသိုလ်နယ်မြေမှာ မသုံးတော့ပဲနဲ့ ပြင်ပကျူရှင်တွေကို လိုက်တက်ရတဲ့အခြေအနေလည်း ရောက်သွားပါတယ်။ ဒါကြောင့်မို့လို့ သူတို့တွေဟာ တက္ကသိုလ်ကိုခင်တွယ်ဖို့၊ တက္ကသိုလ်ရဲ့ဂုဏ်သိက္ခာရှိအောင်၊ တက္ကသိုလ်ရဲ့ ကျောင်းသားရဲ့ ဂုဏ်သိက္ခာရှိအောင်နေနိုင်ဖို့ အခွင့်အလမ်းတွေ သူတို့တွေ မရရှိခဲ့တဲ့အခြေအနေ ဒီနေ့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၈ တုန်းက အဆောင်နေခွင့်ရပ်ဆိုင်းခဲ့တာ ကျွန်တော်တို့ နားလည်ပါတယ်။ ဘဏ္ဍာရေးအခြေနေ၊ နိုင်ငံအခြေအနေအရ ဒါဟာ ရေတိုစီမံချက်မျိုးနဲ့ လုပ်ဆောင်တဲ့ ရပ်ဆိုင်းမှုမျိုးပဲ ဖြစ်သင့်ပါတယ်။ ဒီနေ့ကျွန်တော်တို့ နိုင်ငံအခြေအနေဟာ ပြောင်းသွားပါပြီ။ ကျွန်တော်တို့က ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ကျွန်တော်တို့ သွားနေပါပြီ။ စနစ်ပြောင်းခဲ့ပါပြီ။ အစိုးရအဖွဲ့လည်းပဲ ကျွန်တော်တို့ ပြောင်းခဲ့ပါပြီ။ အစိုးရအတွက် ကျွန်တော်တို့ လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းဖို့ လွှတ်တော်လည်းပဲ ကျွန်တော်တို့ ရှိခဲ့ပါပြီ။ ဒီလွှတ်တော်ကနေပြီးတော့ လိုအပ်တဲ့ ဥပဒေတွေကိုလည်းပဲ ကျွန်တော်တို့က ပြဋ္ဌာန်းခဲ့ပြီးပါပြီ။ ဒါကြောင့်မို့လို့ ဒီနေ့ပြောင်းလဲနေတဲ့ အခြေအနေနဲ့အတူ ကျွန်တော်တို့ ခုနရေတိုအားဖြင့် အစိုးရအဖွဲ့က ပညာရေးစနစ်မှာ ထိန်းချုပ်

ထားတဲ့ ထိန်းချုပ်မှု တစ်နည်းအားဖြင့် အဆောင်နေခွင့် ရပ်စဲထားတာဟာ ထိန်းချုပ်မှုလို့ ကျွန်တော်တို့ နားလည်လိုပါတယ်။ အဲဒီ ထိန်းချုပ်မှုကို ဖြေလျှော့ပေးလိုက်ဖို့ အချိန်ရောက်ပြီလို့ ကျွန်တော်တို့ ထင်ပါတယ်။ ဒီအတွက်လည်းပဲ ကျောင်းသားတွေအကုန်လုံးက ကျောင်းသူတွေ အကုန်လုံးက မျှော်လင့်နေသလို မိဘ ပြည်သူအပေါင်းက မျှော်လင့်နေပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အပေါင်းကလည်း မျှော်လင့်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို ကျွန်တော့်အနေနဲ့ အလေးထားပြီးတော့ တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဒီနေ့ လွှတ်တော်မှာ တက္ကသိုလ်ဥပဒေတွေ ပြဋ္ဌာန်းဖို့ ပြင်ဆင်နေပါတယ်။ မကြာခင်ကလည်း တက္ကသိုလ် ဥပဒေကို ပြဋ္ဌာန်းပေးဖို့ ကျွန်တော်တို့ လွှတ်တော်ကလည်းပဲ စီမံနေပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို စီမံတဲ့နေရာမှာ ကျွန်တော်တို့ Self Regulateted University ဖြစ်အောင်လည်းပဲ ကျွန်တော်တို့ ဥပဒေကပြဋ္ဌာန်းမှာဖြစ်သလို အစိုးရအဖွဲ့အနေနဲ့ လိုအပ်တဲ့အခြေအနေကြောင့် ထိန်းချုပ်ထားတဲ့ ကန့်သတ်မှုတွေ တင်းကြပ်မှုတွေ ဖြေလျှော့ပေးဖို့ အချိန်ဟာ ရောက်ရှိနေပြီလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်တော် လွှတ်တော်ကို ကျွန်တော်တို့ရဲ့အခု ဒီကျောင်းသား တွေရဲ့ လက်ရှိခံစားနေရတဲ့ သူတို့အတွက် အကြပ်အတည်းဖြစ်နေတဲ့ တက္ကသိုလ်ရဲ့ ကျောင်းသားဘဝ အပြည့်အဝရရှိစေရေးအတွက် Hostel တွေပြန်လည်ထားဖို့စနစ်ကို ပြန်လည်ဖော်ပေးဖို့ ကျွန်တော့် အနေနဲ့ ဒီအဆိုကို နက်နက်နဲနဲလှိုက်လှိုက်လှဲလှဲ တင်သွင်းခြင်းဖြစ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ ပညာရေး ကော်မတီက သဘောထားပြန်လည်ပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာချမ်းငြိမ်း(ဥက္ကဋ္ဌ၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား အဆောင်ထားမယ်ဆိုတာ ကောင်းပါ တယ်။ သို့သော် ကမ္ဘာ့စံနှုန်းနဲ့ကြည့်မယ်ဆိုရင် တက္ကသိုလ်တိုင်းမှာ အဆောင်မရှိပါဘူး။ ကျွန်တော် England မှာ ငါးနှစ်ခွဲ ကျောင်းတက်ခဲ့ပါတယ်။ တစ်နှစ်ပဲ ကျွန်တော်အဆောင်မှာ နေပါတယ်။ လေးနှစ်ခွဲကို အပြင်မှာနေခဲ့ပါတယ်။ ထိုနည်းလည်းကောင်း ကျွန်တော့်လိုပဲ အများစုဟာ အပြင်မှာ ကျွန်တော့်လိုပဲနေရပါတယ်။ England တင်မကဘူး။ ကျွန်တော် American မှာ MIT သွားတက်တော့လည်း ထိုနည်းလည်းကောင်းပါပဲ။ ကျောင်းဆောင်တော့ရှိပါတယ်။ အနည်းစုပဲ နေရပြီးတော့ အများစု အပြင်မှာနေရပါတယ်။ ထိုနည်းလည်းကောင်း ကျွန်တော် India မှာ

လေ့လာရေးသွားတဲ့အချိန်မှာလည်း အနည်းစုပဲ ကျွန်တော်တို့ ကျောင်းထားနိုင်ပါတယ်။ အများစုက အပြင်မှာနေရပါတယ်။ ဒါပေမယ့် ဘာထူးလဲဆိုလို့ရှိရင် ဒေါက်တာစိုးရင် စိတ်ပူတဲ့ အားကစားတို့၊ ဘာတို့ လူမှုရေးတွေလုပ်ဖို့ Facilities တို့ကျောင်းထဲမှာရှိပါတယ်။ Tennis ကွင်းတို့၊ အားကစားကွင်းတို့၊ အားကစားရုံတို့ ရှိပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ ထားရင် ကောင်းတယ် သို့သော် ကျွန်တော်မြင်တာကတော့ ကျောင်းတိုင်းထားရမယ်လို့ ဥပဒေရေးမယ်ဆိုတာ ဘာကောင်းလဲဆိုရင် အဆင်ပြေတဲ့ကျောင်းတွေမှာ အဆင်ပြေတဲ့အချိန်မှာ ထားပေးဖို့တော့ ကျွန်တော်ထောက်ခံပါတယ်။ အဲ့တော့ ကျွန်တော်တို့ ဥပဒေထဲမှာလည်း တက္ကသိုလ်ဥပဒေထဲမှာလည်း အဆင်ပြေတဲ့ကျောင်းမှာ အဆင်ပြေတဲ့အခါမှာ ကျောင်းဆောင်တွေထားပေးဖို့ ကျွန်တော်တို့ ထောက်ခံပေးပါ့မယ်။ အဲ့တော့ ဒေါက်တာစိုးရင် ကိုယ်တိုင်ကိုလည်း ဒီဥပဒေကြမ်းရေးဆွဲတဲ့ အခါမှာ ပါဝင်ပြီးတော့ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျား။ ဒါကျွန်တော်တို့ ပညာရေးမြှင့်တင်ရေး ကော်မတီရဲ့ အမြင်ပါ။ ကျွန်တော်တို့ Japan သွားတယ်။ ကျွန်တော့်အတွင်းရေးမှူးဆိုရင် Japan က Ph.D ရလာတယ်။ သူလည်းပြောတယ် သူတို့ကျောင်းဟာလည်း ထိုနည်းလည်းကောင်းပါပဲ။ လူတိုင်းအဆောင်မရပါဘူး။ လူနည်းစုပဲအဆောင်ရပါတယ်။ အဆောင်ရဖို့ဆိုရင် တစ်ခါတလေ ၂ နှစ်၊ ၃ နှစ် စောင့်ရပါတယ်။ M.sc တက်နေတာ M.sc ချက်ခြင်း အဆောင်မရဘူး။ Ph.D Second Years, Third Years လောက်တော့မှ အဆောင်ရတာလည်းရှိပါတယ်။ အဲတော့ ကျွန်တော်ပြောတဲ့ အတိုင်း Compusary တော့ ဥပဒေထဲမှာ ထည့်ရေးလို့မကောင်းပါဘူးလို့ ကျွန်တော် သုံးသပ်ပါ တယ်။ အဆင်ပြေတဲ့အချိန်မှာ အဆင်ပြေတဲ့နေရာမှာ အဆင်ပြေတဲ့တက္ကသိုလ်မှာ ကျွန်တော်တို့ ထည့်နိုင်ဖို့ ကျွန်တော်တို့ ဥပဒေကြမ်းမှာ ထည့်သွင်းနိုင်အောင်ကြိုးစားပေးပါ့မယ်လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဆရာကြီးဒေါက်တာစိုးရင် တင်သွင်းတဲ့ အဆို၊ ဒီပေါ်မှာ မူတည်ပြီးတော့ အရင်ပညာရေးတက္ကသိုလ် စပြီးရေးဆွဲ တင်ပြခဲ့တဲ့ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်သူရဲ့ဖြေကြားချက်ဟာ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ကျွန်တော်တို့ လွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ခဲ့တဲ့ တက္ကသိုလ်များ ဥပဒေရေးဆွဲဖို့နဲ့ ဆက်စပ်နေပါတယ်။ ခုတင်ပြချက်အရလည်း ဆရာကြီးဒေါက်တာစိုးရင်က အဲဒီဥပဒေထဲမှာ ထိုက်သင့်သလို ပြဋ္ဌာန်း ဆောင်ရွက်ပေးမယ်ဆိုလို့ရင် ဒီအဆိုကို ဆက်လက်ပြီးတော့ မဆွေးနွေးတော့ပဲ ပြန်လည်ရုပ်သိမ်းပါ့မယ်လို့ ဒီလို တင်ပြခဲ့ပါတယ်။ ထိုနည်းတူစွာပဲ ပညာရေးမြှင့်တင်မှုကော်မတီ အနေနဲ့လည်း ဒီတင်ပြချက်ကို အလေးထားစဥ်းစားမှာ

ဖြစ်သော်လည်း လက်ရှိမြန်မာနိုင်ငံမှာရှိနေတဲ့ တက္ကသိုလ်အဆောင်များပေါ်မှာ မူတည်ပြီးတော့ ဥပဒေကို သင့်တော်သလို ရေးဆွဲဆောင်ရွက်မယ်။ ဆောင်ရွက်တဲ့အခါမှာလည်းပဲ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မယ်ဆိုတာ သိရတဲ့အတွက် ကျွန်တော့်အနေနဲ့ ဆရာကြီး ဒေါက်တာစိုးရင်က အခု ဒီလို ပြန်ဖြေတဲ့အတွက် ဆရာကြီးအဆိုကို ပြန်လည်ရုပ်သိမ်းပြီးတော့ ဆွေးနွေးခြင်း ပြု၊ မပြု ဆရာကြီး ဒေါက်တာစိုးရင်ရဲ့ အဖြေကို သိချင်ပါတယ်။

**ဒေါက်တာစိုးရင် (ကမာရွတ်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆွေးနွေးတဲ့အတိုင်း ကျွန်တော်တင်ပြတဲ့ တက္ကသိုလ်တွေမှာ အဆောင်တွေထားရှိဖို့စနစ်၊ နောက် ကျွန်တော်တို့ ပညာရေး လုပ်ငန်းတွေအပေါ်မှာ တင်းကြပ်မှုတွေထားရှိမှု၊ ဖြေလျှော့ပေးမယ့်အချက်အလက်တွေကို ကျွန်တော် တို့လာမယ့် ကျွန်တော်တို့ ဆွေးနွေးမယ့်၊ ကျွန်တော်တို့ လွှတ်တော်က အတည်ပြုမယ့် ပညာရေး ဥပဒေမှာထည့်သွင်းပြီးတော့ ပေးမယ်ဆိုလို့ရှိရင် ဒီအဆိုကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ဖို့ မရှိပါဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်အနေနဲ့ဒီအဆိုကို မှတ်တမ်းတင်ထားပေးပြီးတော့ လာမယ့် ပညာရေးဥပဒေမှာတော့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးဖို့ ကျွန်တော်လိုချင်တာကတော့ ဒါဟာ ဒီအဆောင်တွေ မရှိတော့တဲ့စနစ်ဖြစ်လာတာဟာ ထိန်းချုပ်မှု၊ ကန့်သတ်မှုကြောင့် ဖြစ်လာတယ်ဆိုတဲ့ အချက်နဲ့ ဥပဒေရေးဆွဲတဲ့အခါမှာ အဆောင်ထားရှိဖို့စနစ် ပြန်လည်ဖော်ထုတ်ဖို့နဲ့ တက္ကသိုလ်တွေ ပေါ်မှာ တင်းကြပ်မှု၊ ထိန်းချုပ်မှုတွေ လျှော့နည်းနိုင်အောင် ကျွန်တော်တို့ ပညာရေးဥပဒေကြီးကို ပြန်လည်ပြုစုရေးသားပေးမယ်ဆိုလို့ရှိရင် ဒီအဆိုကို မှတ်တမ်းတင်ပေးဖို့ ကျွန်တော့်အနေနဲ့ သဘော တူပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုစတင် တင်သွင်းခဲ့တဲ့ ဆရာကြီးဒေါက်တာစိုးရင်ရဲ့ တင်ပြချက်ကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိပြီး ဥပဒေများရေးဆွဲတဲ့အခါမှာ ဘက်ပေါင်းစုံ သုံးသပ်ပြီးတော့ ဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းပါတယ်။ ဒါကြောင့်မို့လို့ ဆရာကြီးဒေါက်တာစိုးရင်ရဲ့ အဆိုကိုလည်း မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအား ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ တင်သွင်းရန် ဦးမောင်တိုးအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့တက်ရောက်လာကြသော ပုဂ္ဂိုလ်များအားလုံးကို လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်တိုး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းကို ဇူလိုင်လ ၂၆ ရက်နေ့မှာ စတင်ပြီးတော့ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ တင်သွင်းပြီးတဲ့နောက်မှာ ဥပဒေကြမ်းကော်မတီကနေပြီးတော့ ကျွန်တော်နှင့် စာရင်းစစ်ချုပ်ရုံးက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို ခေါ်ယူပြီးတော့ မေးမြန်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပြုလုပ်တဲ့အခါမှာ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ရေးသားခဲ့ပါတယ်။ အဲဒီမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြီးများအားလုံးကို သိသွားအောင်လို့ ဥပဒေကြမ်းကော်မတီရဲ့ Typing Error လေးတွေမှားနေတာ လေးတွေ တစ်ခါတည်း ရှင်းလင်းတင်ပြသွားချင်ပါတယ်။ အဓိကကတော့ စာမျက်နှာ ၃ အပိုဒ် (က) အပိုဒ် ၅ အပိုဒ်ခွဲ(ဃ) မှာပါတဲ့ စာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ ပုဒ်ခခွဲ(ဌ)ရဲ့ နောက်မှာ (ဍ)ကို ဖြည့်ရာမှာ ကျွန်တော်ရဲ့ ယခင်ဥပဒေကြမ်းမှာ ပြည်ထောင်စုလွှတ်တော်ကဆိုတာကို ရှေ့မှာထားထားပါ တယ်။ အဲဒါကို ဥပဒေကြမ်းကော်မတီကနေပြီးတော့ ဥပဒေစကားအရ ပိုတိကျအောင် နောက်ကိုပို့ ပါလို့ ပြောတဲ့အတွက် ရှေ့မှာလက်ရှိ လောလောဆယ်ပါနေတဲ့ ပြည်ထောင်စုလွှတ်တော်ကဆိုတဲ့ စကားဟာ နောက်ကို ရောက်သွားမှာဖြစ်ပါတယ်။ ရောက်သွားပြီးလို့ရှိရင် စာသားအနည်းငယ်ပြောင်း သွားပါတယ်။ အဲဒီ (ဃ) အပိုဒ်အမှန်ကို ဥပဒေကြမ်းကော်မတီရဲ့တင်ပြတဲ့ကိစ္စကို ကျွန်တော်လည်း သဘောတူပါတယ်။ အဲဒါလေးကို ဖတ်ပြပါမယ်။ အဲဒီ(ဃ)ဟာ ဘယ်လိုဖြစ်မလဲဆိုရင် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို စစ်ဆေးရန် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုအစီရင်ခံစာတင်ပြခြင်း ဆိုတဲ့စာပိုဒ်ကို ဖြည့်မှာဖြစ်ပါတယ်။ အစီရင်ခံစာဖတ်တဲ့အခါမှာလည်း သူတို့ ပြန်ပြီးတော့ ဥပဒေကြမ်း ကော်မတီက ပြင်ပြီးတော့ ဖတ်မှာဖြစ်ပါတယ်။ နောက်မို့လို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီးများက ဒီဟာကို တစ်မျိုးထင်မှာစိုးလို့ ရှင်းပြခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ် ရဲ့ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို တင်သွင်းရတဲ့ ရည်ရွယ်ချက်တွေကလည်းပဲ ယခင်တုန်းကလည်း

ရှင်းပြတင်ပြပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအား ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စဉ်းစားဆွေးနွေး၍ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအား ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ သက်ဆိုင်သူမှ ဖတ်ကြားရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး တို့ကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေ ကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီမှ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ပုဒ်မခွဲ(က)တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟူသော ပြဋ္ဌာန်းချက်ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တင်သွင်းရခြင်း ဖြစ်ကြောင်း မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက ရည်ရွယ်ချက်ကို ဖော်ပြထားပါသည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ယခင်က စာရင်းစစ်ဆေးချက် အစီရင်ခံစာများကို လွှတ်တော်နှစ်ရပ်လုံးသို့ ပေးပို့ခဲ့ကြောင်း၊ သို့ရာတွင် တည်ဆဲ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ည)အရ ပြည်ထောင်စုစာရင်းစစ်ချုပ်အနေဖြင့် လွှတ်တော်များသို့ စာရင်းစစ်ဆေးချက်များ တိုက်ရိုက်ပေးပို့နိုင်ခြင်းမရှိကြောင်း။ ထို့ကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ည) ကို ပြင်ဆင်ရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၃။ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၆-၇-၂၀၁၂ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၅) ရက်မြောက်နေ့ အစည်းအဝေးတွင် တင်သွင်းခဲ့ရာ လွှတ်တော်မှ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၄။ ထိုသို့ ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၁ နည်းဥပဒေ(ခ)အရ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေးကျင်းပခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

၅။ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်မှ တာဝန်ပေးအပ်ထားသည့်အချက် ၁၂ ချက်နှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ်တွင်စိစစ်ခဲ့ရာ လေ့လာတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၈-၁၀-၂၀၁၀ ရက်စွဲဖြင့် ဥပဒေအမှတ် (၂၃/၂၀၁၀)ကို ထုတ်ပြန်ကြေညာခဲ့ပြီး အခန်း (၆)ခန်းနှင့် ပုဒ်မပေါင်း ၄၂ ခု ပါရှိပါသည်။

( ခ) ယင်းပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က) တွင် ပါရှိသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို အခါအားလျော်စွာ တင်ပြခြင်းဆိုသည့်

စကားရပ်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏ အရအသုံး စာရင်းများစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တင်ပြခြင်း၊ ထူးခြားသော အခြေအနေကို အခါအားလျော်စွာ တင်ပြခြင်းဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်ထားပါသည်။

(ဂ) ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ည)တွင် ပါရှိသော မိမိ၏ ဆောင်ရွက်ချက်ကို နိုင်ငံတော်သမ္မတမှတဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြခြင်းဟူသည့်စကားရပ်ကို မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက် များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည်နှင့် တစ်ပြိုင်တည်း ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်းဟူသော စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ထား ပါသည်။

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဋ) ၏ နောက်တွင် (ဌ)ကို အသစ် ဖြည့်စွက်ချက်အနေနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်မှုကိုစစ်ဆေးရန် ပြည်ထောင်စုလွှတ်တော် ကတာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြ ခြင်းဟူ၍ဖြစ်ပါသည်။

၆။ အထက်ဖော်ပြပါ ပုဒ်မ ၃ ခုတွင် ပြင်ဆင်ဖြည့်စွက်ချက်များကို တွေ့ရှိရပါသည်။ ယင်း ပြင်ဆင်ချက်များသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်မှုမရှိခြင်း၊ လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သော အပြန်အလှန်ထိန်းညှိခြင်းအတွက် တာဝန်ယူ ဆောင်ရွက်ရသည့် ပြည်သူ့ငွေစာရင်းကော်မတီ၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခြင်း၊ ပြည်သူတို့၏ ပွင့်လင်းမြင်သာမှုရှိသော နိုင်ငံတော်ဘတ်ဂျက်ငွေစာရင်းများကို ဥပဒေနှင့် အညီတည့်မတ်နိုင်ရန် အထောက်အပံ့ဖြစ်ခြင်းများကိုလည်း တွေ့ရှိရပါသည်။

၇။ သို့ဖြစ်ပါ၍ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက တင်သွင်းလာသည့် ပြည်ထောင်စုစာရင်း စစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း လေ့လာစိစစ်

တွေ့ရှိချက်များကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမောင်တိုးတင်သွင်းတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအား ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၁-၈-၂၀၁၂ ရက်နေ့ (စနေနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်၏ Good Governance (ကောင်းမွန်သော အုပ်ချုပ်ရေး)၊ Clean Government (သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်မှ တင်သွင်းထားတဲ့ အဆိုကို အောက်ဖော်ပြပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းဆိုပြီး ယနေ့ဖြန့်ဝေထားတဲ့ အစီအစဉ်မှာ ဖော်ပြထားပါတယ်။ သို့ရာတွင် ဒီအဆိုပေါ်မှာမူတည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် ၅ ဦးကလည်း ဆွေးနွေးလိုကြောင်း ယနေ့ မိမိလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြပါတယ်။ တင်ပြတဲ့အတွက် တင်ပြချက်တွေဟာ ဒီအဆိုရဲ့ အရေးကြီးမှုပေါ်မူတည်ပြီးတော့ လိုလားလက်ခံသင့်တယ်လို့ ယူဆတဲ့

အတွက် ထပ်မံတင်ပြတဲ့ ဆွေးနွေးကြမယ့်ပုဂ္ဂိုလ် ၅ ဦးကိုလည်း အတည်ပြုဆွေးနွေးဖို့ ဆောင်ရွက်သွားပါ့မယ်။ ဒါကြောင့်မူလတင်ပြထားတဲ့ ၈ ဦး နောက်ထပ် တင်ပြတဲ့ ၅ ဦး စုစုပေါင်း ၁၃ ဦး ဖြစ်ပါတယ်။ ဒီအဆိုကိုလည်း မိမိတို့ လွှတ်တော်မှာ ဒီနေ့ပဲ အပြီးသတ်စေချင်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြကြမယ့်၊ ဆွေးနွေးကြမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီအဆိုကို ဒီနေ့အပြီးသတ်နိုင်ရေးအတွက် ထိရောက်သော တင်ပြဆွေးနွေးချက်များဖြင့် ဆောင်ရွက်သွားဖို့ ပန်ကြားလိုပါတယ်။ ဒါကြောင့် ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်ရဲ့ အဆိုနှင့်စပ်လျဉ်းပြီး မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း စတင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း (မအူပင်မဲဆန္ဒနယ်)**။ ။ အထူးလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားမိပါကြောင်း ဒီနေရာကနေ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပုသိမ်မဲဆန္ဒနယ် ဦးဝင်းမြင့်၏ Good Governance (ကောင်းမွန်သောအုပ်ချုပ်ရေး)၊ Clean Government (သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူများ အခန်း ၁ ပုဒ်မ ၆ ပုဒ်မခွဲ(ဃ)၊ (င) တို့မှာ ပါတီစုံဒီမိုကရေစီနှင့် လောကပါလတရား ထွန်းကားရေးဆိုတဲ့ အချက် ၂ ချက်ဟာ ဦးဝင်းမြင့်ရဲ့ အဆိုပြုချက်ကို ထောက်ခံဖြစ်ပေါ်မှုကို အားပေးစေပါတယ်။ ကျွန်တော်တို့ရဲ့နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံကို ချီတက်နေပြီဖြစ်တဲ့အတွက် ဒီမိုကရေစီအတွေး၊ ဒီမိုကရေစီအပြော၊ ဒီမိုကရေစီအလုပ်၊ ဒီမိုကရေစီအကျင့်၊ ဒီမိုကရေစီစိတ်ဓာတ်တွေရှိဖို့လိုအပ်နေပါပြီ။ ဒါကြောင့်မို့လို့ ဒီလိုအချိန်မျိုးမှာ ပုသိမ်မဲဆန္ဒနယ် ဦးဝင်းမြင့်ရဲ့ အဆိုပြုချက်ဟာ ဒီမိုကရေစီကျင့်စဉ်ကို အထောက်အကူဖြစ်စေပါတယ်လို့ တင်ပြဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ဟာ အပြောက ဒီမိုကရေစီ၊ အလုပ်က ငါမိုကရေစီမဖြစ်အောင် လွှတ်တော်ရယ်၊ ပြည်သူရယ်၊ အစိုးရရယ်ဟာ Check and Balance ရှိဖို့လိုပါတယ်။ ဒီ Check and Balance ဟာ

တစ်ဖက်နဲ့တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ထိန်းကြောင်းပေးဖို့အထူးလိုပါတယ်။ ဒီမိုကရေစီမှာ Check and Balance ဟာ အရမ်းအရေးကြီးတဲ့အတွက် ထိန်းကျောင်းပေးမှုဖြစ်ပေါ်မှုများတာနဲ့ ထင်သာမြင်သာပွင့်လင်းမှုကို ဖြစ်စေပြီးတော့ ကောင်းမွန်တဲ့ အစိုးရအထောက်အပံ့ ဖြစ်စေပါတယ်။ ဒါကြောင့်မို့လို့ ဒီကောင်းမွန်သော အစိုးရဖြစ်ပေါ်ဖို့အတွက်လည်း တစ်ဖက်က ဦးဝင်းမြင့်အဆိုပြုချက်ဟာ လက်တွေ့အကောင်အထည်ဖော်သင့်သလို၊ တစ်ဘက်ကလည်း ဒီကောင်းမွန်တဲ့ အုပ်ချုပ်ရေးဟာ ဒီအချက်တစ်ချက်တည်းတော့မရပါဘူး။ သန့်ရှင်းရုံနဲ့ ကောင်းမွန်သော အုပ်ချုပ်ရေး မဖြစ်သေးပါဘူး။ သန့်ရှင်းသောအစိုးရဖြစ်သလို ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်ဖို့ဟာ ကျွန်တော်တို့ အားလုံးဟာ လူတော်လူကောင်းဖြစ်ဖို့ စီမံခန့်ခွဲမှုကောင်းဖို့၊ အုပ်ချုပ်ရေးကောင်းဖို့၊ စွမ်းရည်တွေ ပြည့်ဝဖို့၊ အရည်အချင်းတွေရှိဖို့ လိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးဝင်းမြင့် အဆိုပြုချက် ပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် နိုင်ငံမှာထင်သာမြင်သာရှိတဲ့ ပွင့်လင်းမှုရှိစေတဲ့ အကျိုးကိုရရှိစေပါတယ်။ တစ်နည်းအားဖြင့် ပြည်သူလူထုရဲ့ ယုံကြည်မှုကို ပိုမိုရရှိစေပါတယ်။ နိုင်ငံတကာရဲ့ လေးစားတန်ဖိုးထား ယုံကြည်မှုကိုလည်း ထပ်ဆင့် ရရှိစေပါတယ်။ သန့်ရှင်းသော ဒီမိုကရေစီခေါင်းဆောင်များလည်း ပေါ်ထွန်းစေပါတယ်။ အဂတိလိုက်စားမှု၊ အလွဲသုံးစားပြုမှုကိုလည်း လျော့နည်းစေပါတယ်။ သို့ဖြစ်၍ ပုသိမ်မဲဆန္ဒနယ် ဦးဝင်းမြင့်ရဲ့ ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ အဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့ရဲ့ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်သင့်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကျွန်တော့် အနေနဲ့ ပြည်သူလူထုရဲ့ ယုံကြည်မှုရအောင်၊ ပြည်သူလူထုသိရှိအောင် မိမိတို့ရဲ့ အကျိုးစီးပွားများကို အများပြည်သူများ သိရှိအောင် ထုတ်ဖော်ကြေညာဖို့ လိုအပ်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ

အားလုံးကို မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်မှ အဆိုဖြစ်တဲ့ Good Governance (ကောင်းမွန်သောအုပ်ချုပ်ရေး)၊ Clean Government (သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များဟာ မိမိတို့ရဲ့ပိုင်ဆိုင်တဲ့ မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီးတော့ မှတ်တမ်းတင်ထားရန်ဟူတဲ့ အဆိုကို နိုင်ငံ့အကျိုးငှာ၊ ကျွန်တော်တို့ပြည်သူတွေရဲ့အကျိုးငှာ ကျွန်တော် ထောက်ခံတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကမ္ဘာမှာ ပြည်သူတွေဟာ မိမိတို့နိုင်ငံရဲ့ အစိုးရအပေါ်မှာ ယုံကြည်မှုရှိခြင်းဟာ အဲ့ဒီ တိုင်းပြည်ကို တိုးတက်စေတယ်လို့ ကျွန်တော်တို့ ထင်မြင်ယူဆမိပါတယ်။ ဥပမာ ဂျပန်နိုင်ငံကိုကြည့်မယ်ဆိုရင် ဂျပန်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်မှာ စစ်ရှုံးခဲ့တဲ့ တိုင်းပြည်တစ်ပြည်ဖြစ်ပါတယ်။ အဲဒီ စစ်ရှုံးခဲ့တဲ့ ဂျပန်နိုင်ငံဟာ ကျွန်တော်တို့ ကမ္ဘာမှာ မဟာအင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန်တို့လို၊ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံတို့လို အဲဒီနိုင်ငံတွေကို အမီလိုက်နိုင်တာဟာ သူတို့အစိုးရအပေါ်မှာ ပြည်သူတွေဟာ အင်မတန် ယုံကြည်ခဲ့လို့ပဲဖြစ်ပါတယ်။ အဲဒီလို ယုံကြည်မှုမျိုးကို ကျွန်တော်တို့နိုင်ငံမှာလည်းပဲ ဖြစ်စေချင်ပါတယ်။ အဲဒီလို ဖြစ်စေချင်တဲ့အတွက်ကြောင့် ကျွန်တော်တို့တိုင်းပြည်မှာ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ဟာ ပြည်သူများရဲ့ယုံကြည်ကိုးစားမှုကို ဖြစ်စေပါတယ်။ အစိုးရနှင့် ပြည်သူတို့အကြားမှာ အပြန်အလှန်ယုံကြည်မှုရှိမှလည်းပဲ အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းတဲ့ဆောင်ရွက်မှု ကောင်းမွန်စေနိုင်ပြီးတော့ အုပ်ချုပ်မှုယန္တရားဟာ အချိတ်အဆက်မိမိနဲ့ လည်ပတ်စေနိုင်မှာဖြစ်ပါတယ်။ အဲဒီလို လည်ပတ်စေတော့မှလည်းပဲ ကျွန်တော်တို့ တိုင်းပြည်ရဲ့ လူမှုဖွံ့ဖြိုးတိုးတက်မှုဟာ ရှိလာမှာလို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ အခုအချိန်ဟာ ကျွန်တော်တို့ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အပြင်းအထန်ကြိုးစားနေတဲ့၊ ကြိုးပမ်းနေတဲ့ အချိန်လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ အသွင်ကူးပြောင်းရေးကာလမှာ ဦးဆောင်နေတဲ့ သမ္မတကြီး ဦးသိန်းစိန်ရဲ့ အစိုးရအပေါ်မှာ ကျွန်တော်တို့ ပြည်သူလူထုက အကြွင်းမဲ့ယုံကြည်ဖို့ ကျွန်တော်တို့ အထူးလိုအပ်နေတဲ့အချိန်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သမ္မတကြီးကလည်းပဲ အဲဒီအချက်ကို လက်ခံမယ်လို့ ကျွန်တော့်အနေနဲ့ အလေးအနက်ယုံကြည်ပါတယ်။ သမ္မတကြီးရဲ့

တိုင်းပြည်ကို ပြောကြားတဲ့မိန့်ခွန်းထဲမှာ မိမိတို့အစိုးရဟာ ကောင်းမွန်သောအုပ်ချုပ်ရေး (Good Governance) သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ရမယ်လို့ ကျွန်တော်တို့ကို ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့တိုင်းပြည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုလို့ရှိရင် ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီစနစ်ပြောင်းလဲမှုကိုလည်း ကျွန်တော်တို့ ဒီကနေ့လုပ်နေပြီလို့ ကျွန်တော်တို့ထင်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှုတွေ၊ ကျွန်တော်တို့ နည်းပညာတွေ၊ ဈေးကွက်တွေလည်းပဲ အများကြီးလိုအပ်နေတယ်လို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာမှာ ကျွန်တော်တို့ တစ်ပါတီစနစ်ကနေပြီးတော့မှ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းတဲ့နိုင်ငံတိုင်းမှာ ဖြေရှင်းရအခက်ဆုံးပြဿနာဟာ အဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုများဖြစ်ပါတယ်။ ကျွန်တော်တို့ အကျင့်ပျက်ခြစားနေတဲ့ နိုင်ငံတစ်ခုကို ဘယ်ပြင်ပရင်းနှီးမြှုပ်နှံတဲ့နိုင်ငံကမှ စွန့်စွန့်စားစားနဲ့ လာချင်စိတ်ရှိမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ မကြာသေးခင်က လက်ဆောင်ရပါတယ်။ စက်မှုဝန်ကြီးဌာနရဲ့ မေတ္တာလက်ဆောင်အဖြစ်ရရှိတဲ့ စာရေးဆရာမောင်မြင့်ဇော်ရဲ့ မြန်မာ့လူ့ဘောင်အပြောင်းအလဲအတွက် အရေးကြီးတယ်ဆိုတဲ့စကားလုံး ၁၀၀ စာအုပ်ထဲမှာ စာမျက်နှာ ၁၅၃ မှာဖော်ပြထားတဲ့ Corruption Perceptions Index ညွှန်းကိန်းမှာ ကျွန်တော်တို့ လာဘ်ပေးလာဘ်ယူမှုအနည်းဆုံးနှင့် အများဆုံးနိုင်ငံ ၂၀၁၀ ဇယားမှာ ကျွန်တော်တို့ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံဟာ အကျင့်ပျက်ခြစားတဲ့ နေရာမှာ တတိယအမြင့်မားဆုံးနိုင်ငံဖြစ်တယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။ အင်မတန်မှ စိတ်မကောင်းစရာပါ။ ကျွန်တော်တို့နိုင်ငံရဲ့အောက်မှာ ဆိုမာလီယာနဲ့ အာဖဂန်နစ္စတန် နိုင်ငံပဲရှိပါတော့တယ်။ အဲဒါတွေကို ကျွန်တော်တို့ လျော့နည်းအောင်၊ ပပျောက်အောင်ဆိုလို့ရှိရင် သမ္မတကြီးကြေညာထားတဲ့အတိုင်း တာဝန်ရှိတဲ့သူတွေက မိမိတို့ပိုင်ဆိုင်တဲ့ ပစ္စည်းများကို မှန်မှန်ကန်ကန်နဲ့ စာရင်းပေးပို့ဖို့ ကျွန်တော့် အနေနဲ့ ပြောကြားလိုပါတယ်။ မှန်မှန်ကန်ကန်လည်းပေးမှဖြစ်မှာပါ။ ကျွန်တော်တို့ မြန်မာမှာ ဆိုးရိုးစကားရှိပါတယ်။ ခေါင်က မလုံလို့၊ ခေါင်ကမလုံလို့ လို့ပြောနေတဲ့ကိစ္စဟာ ဒီကိစ္စဟာ ခေါင်က လုံရင်တစ်စက်မိတ်ကလည်း အလိုလိုလုံသွားမယ့်သဘော ရှိပါတယ်။ နောက်တစ်နည်းပြောရမယ် ဆိုလို့ရှိရင်လည်းပဲ မင်းကြီးတာက ရွှေသမင်မထွက်အောင်လုပ်တဲ့အတွက် အဆိုရှင် ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်ရဲ့အဆိုပြုချက်ဟာ ကျွန်တော်တို့ နိုင်ငံနှင့်နိုင်ငံသားများအကျိုးကို ပြုမှာဖြစ်တဲ့အတွက်

ကျွန်တော့်အနေနဲ့ ၎င်းအဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဖြူဖြူသင်း၊ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဖြူဖြူသင်း(မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းဖြစ်ပါတယ်။ ကျွန်မအခု ဆွေးနွေးမှာကတော့ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တိုင်းပြည်မှာ လွတ်လပ်ရေးရပြီးကတည်းက စနစ်အမျိုးမျိုး၊ အစိုးရအမျိုးမျိုးအုပ်ချုပ်လာခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးစ ပါလီမန်ခေတ်မှာလည်း အစိုးရပိုင်းရဲ့ ပိုင်ဆိုင်မှုကို ပြဆိုဖို့ကြိုးစားခဲ့ကြပေမယ့် မအောင်မြင်ခဲ့ပါဘူး။ နောက်အကြောင်းအမျိုးမျိုးနဲ့ နှစ်ပေါင်း ၅၀ နီးပါးလောက် ဒီလိုထုတ်ဖော်ဖို့နေနေသာသာ အစိုးရမင်းများဆိုရင် ပြည်သူက မော်တောင် မကြည့်ရဲတာ အားလုံးလည်းသိပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့၊ ဒီအချိန်မှာတော့ ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရအဖြစ် တာဝန်ထမ်းဆောင်နေခဲ့တာ ကာလအားဖြင့် ၂ နှစ်နီးပါး ရှိနေခဲ့ပြီဖြစ်ပါတယ်။ ပြည်သူ့အစိုးရဆိုရင် ပြည်သူနှင့် အပြန်အလှန်ပွင့်လင်းမြင်သာမှု အပြန်အလှန် ထိန်းကျောင်းထားမှုဆိုတာရှိပါတယ်။ အခုဆိုရင် ကျွန်မတို့ တိုင်းပြည်တင်မကပါဘူး။ ကမ္ဘာ့တိုင်းပြည်များမှာပါ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီတွေဟာ လူထုယုံကြည်မှု၊ ထောက်ခံမှု အားနည်းလာတာကိုတွေ့ရပါတယ်။ ဒါကဘာကိုပြသလဲဆိုရင် အခုလိုပဲ ပွင့်လင်းမြင်သာမှု၊ အပြန်အလှန်ထိန်းကျောင်းမှု မခံယူတော့ပဲနဲ့ ပြည်သူ့အပေါ် ထိန်းချုပ်ဖို့ကြိုးစားရင်းနဲ့ ကြုံလာရတဲ့ ပြဿနာပဲဖြစ်ပါတယ်။ ဒါဟာအာဏာတစ်ခုတည်းကြောင့် မဟုတ်ဘဲနဲ့ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ တစ်ဖက်သတ် အနိုင်ကျင့်ခြင်းဆိုတာတွေနဲ့လည်း ဆက်နွယ်နေတာဖြစ်ပါတယ်။ ဒီလိုအခြေအနေဖြစ်လာပြီဆိုရင် အများဆုံးခံစားရတာကတော့ ပြည်သူပဲ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုဟာ ကောင်းမွန်တဲ့အုပ်ချုပ်ရေး၊ ဒီမိုကရေစီဖြစ်ထွန်း ပေါ်ပေါက်ရေးနှင့် မျှတတဲ့စီးပွားရေး ပိုင်ဆိုင်မှုများအတွက်လည်း အရေးကြီးတဲ့ ခြိမ်းခြောက်မှုတစ်ခုပဲဖြစ်ပါတယ်။ ဒီလိုဖြစ်လာရင် တိုင်းပြည်တစ်ပြည်အတွက် အန္တရာယ်အလွန်ပဲကြီးပါတယ်။ ဒီမိုကရေစီစနစ်မှာ ပွင့်လင်းမြင်သာမှု ဘယ်လောက်အရေးကြီးနေသလဲဆိုတာကိုလည်း ဖော်ပြနေတာပါ။ တိုင်းပြည်ဟာ ပြဿနာပေါင်း မြောက်များစွာနဲ့ ရင်ဆိုင်နေကြရတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ အခုနှစ်ပိုင်းတွေမှာဆိုလို့ရှိရင်လဲ

Transparency International ခေါ်တဲ့ အဖွဲ့အစည်းက ထုတ်ပြန်တဲ့ သုတေသနစာတမ်းတွေမှာ မြန်မာပြည်ဟာ အဂတိလိုက်စားမှုအဆိုးဆုံး၊ ပွင့်လင်းမြင်သာမှု အနည်းဆုံးတိုင်းပြည်အဖြစ် ထုတ်ပြန်ကြေညာထားတာ စိတ်မကောင်းစရာပဲ တွေ့ရပါတယ်။ များမကြာခင်က အိမ်နီးချင်းတရုတ်နိုင်ငံမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် စစ်တပ်ခေါင်းဆောင်တွေရဲ့ပိုင်ဆိုင်မှုကို ထုတ်ပြန်ကြေညာဖို့ အမိန့်ထုတ်ပြန်ထားပါတယ်။ အမေရိကန်နိုင်ငံမှာဆိုရင် သမ္မတကအစ တာဝန်ယူပြီး ရက်ပေါင်း ၃၀ အတွင်းမှာ ပိုင်ဆိုင်မှုကို ကြေညာပေးရပါတယ်။ ထိုင်းနိုင်ငံမှာလည်း အလားတူပါပဲ။ အိန္ဒိယနိုင်ငံမှာ ဆိုရင်တော့ တာဝန်ယူပြီး ၂ လ အတွင်းမှာ ကြေညာပေးရပါတယ်။ တင်ပြဖို့ ပျက်ကွက်တာတွေ၊ အချိန်နောက်ကျတာတွေ၊ မပြည့်မစုံတင်ပြတာတွေ၊ ပေါ့လျော့မှုကြောင့်၊ မှားယွင်းဖော်ပြမိတာတွေ၊ ရည်ရွယ်ချက်ရှိရှိ လိမ်လည်ကြတာတွေကိုလည်း စောင့်ကြည့်အရေးယူတဲ့ အဖွဲ့အစည်းတွေက မပြတ်စောင့်ကြည့်နေပြီးတော့ အရေးယူမှုတွေကိုလည်း လုပ်ပါတယ်။ ဒါကြောင့် ဒီလိုပွင့်လင်းမြင်သာမှုနဲ့ အစိုးရနှင့်ပြည်သူ အပြန်အလှန်ထိန်းကျောင်းမှု ဘာကြောင့် အရေးကြီးသလဲဆိုတော့ ဒီမိုကရေစီစနစ် အခွန့်ရှည်ခိုင်မြဲဖို့ ရှင်သန်အားကောင်းစေဖို့ လုပ်ဆောင်ကြတာဖြစ်ပါတယ်။ အစိုးရပိုင်းက ပိုင်ဆိုင်မှုကို ကြေညာခြင်းအားဖြင့် မတော်မတရားငွေရှာတဲ့ကိစ္စ၊ ပြည်သူနဲ့ အခြားသူတွေက အပြစ်ရှာစွပ်စွဲလာတဲ့အခါမှာလည်း အလွယ်တကူရှင်းသွားမှာဖြစ်ပါတယ်။ ပိုင်ဆိုင်မှုကို ကြေညာခြင်းအားဖြင့် လာဘ်ပေးလာဘ်ယူမှုကိုလည်း တိုက်ဖျက်ပြီးသားဖြစ်သွားမှာပါ။ ဒါကြောင့် အစိုးရတာဝန်ရှိသူတွေ ပိုင်ဆိုင်ခြင်းကို ကြေညာခြင်းဟာ အစစနောက်ကျနေတဲ့ တိုင်းပြည်အတွက် ပြဿနာတော်တော်များများကို ဖြေရှင်းပြီးသားဖြစ်သွားမှာပါ။ ဒီမိုကရေစီစနစ်မှာ ပြည်သူဟာ အခရာကျပါတယ်။ မကြာခင်မှာလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတော်သမ္မတရဲ့ ညွှန်ကြားချက်ကို ကျွန်မတို့အနေနဲ့ ကြိုဆိုပါတယ်။ ၁-၈-၂၀၁၂ခုနှစ် နောက်ဆုံးထားပြီးတော့ ပိုင်ဆိုင်မှုစာရင်းထုတ်ဖော်ကြေညာရမယ်ဆိုတဲ့ အမိန့်ကြော်ငြာစာတစ်ခု ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုထုတ်ပြန်ရာမှာလည်း အုပ်ချုပ်ရေးပိုင်းက အကုန်မဟုတ်ဘဲ တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်တွေရဲ့ပိုင်ဆိုင်မှုကိုပါ ထုတ်ပြန်ရမယ်ဆိုတာ မပါရှိခဲ့ပါဘူး။ တပ်မတော်သားတွေဟာလည်း အုပ်ချုပ်ရေးပိုင်းမှာပါဝင်နေတဲ့အတွက် တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များကိုပါ ထုတ်ပြန်ကြေညာပေးဖို့လိုအပ်တယ်လို့ ထပ်မံဖြည့်စွက်ချင်ပါတယ်။ အဂတိလိုက်စားမှုကို အဖွဲ့အစည်းတွေဖွဲ့စည်းပြီး စနစ်တကျလေ့လာစောင့်ကြည့် ထုတ်ပြန်ပေးနိုင်ရင် ပိုမိုကောင်းမွန်မှာဖြစ်ပါတယ်။ အစိုးရပိုင်းက တာဝန်ယူမှု၊ တာဝန်ခံမှုတွေအရ ဒီလိုပိုင်ဆိုင်မှုထုတ်ဖော်ကြေညာခြင်းဟာ အစိုးရကိုရော ပြည်သူကိုပါ လိပ်ပြာလုံမယ့်ကိစ္စ

ဖြစ်ပါတယ်။ ဒါကြောင့် ပုသိမ်မဲဆန္ဒနယ် ဦးဝင်းမြင့်ရဲ့ Good Governance, Clean Government ဖြစ်ပေါ်စေရေးအဆိုကို ကျွန်မအနေနဲ့ အပြည့်အဝထောက်ခံပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၃း၀၀ ။**

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[နေ့လယ်စာသုံးဆောင်ရန် အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၄း၂၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး အစည်းအဝေးအစီအစဉ်များ ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(မြန်အောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဖြစ်ပါတယ်။ ကျွန်တော်အခု ပုသိမ်မဲဆန္ဒနယ် ဦးဝင်းမြင့်ရဲ့ အဆိုဖြစ်တဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန်အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံတော်ကြီးဟာ ခေတ်ပြောင်း၊ စနစ်ပြောင်း၊ ဒီမိုကရေစီလမ်းကြောင်းကို ပြည်သူတို့ရဲ့ဆန္ဒနှင့်အညီ စတင်ချီ

တက်နေတဲ့ကာလဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်း ၅၀ နီးပါး ကမ္ဘာ့အသိုင်းအဝန်းနှင့် ခွေးထွေးမှုမှ ကျွန်တော်တို့ ဆက်ဆံမှုနည်းပါးခဲ့ရတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးနှင့်တကွ ဥက္ကဋ္ဌကြီးတို့အပါအဝင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်အောင် အားလုံးက လိုလားနေကြတာပါ။ ဒီလိုဖြစ်ဖို့အတွက်လည်း နိုင်ငံတကာက ယုံကြည်လက်ခံနိုင်တဲ့ အစိုးရဖြစ်ဖို့လိုအပ်ပါမယ်။ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေ၊ စီးပွားရေးအရ ကုန်သွယ်မှုတွေ၊ နည်းပညာရရှိမှုတွေ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်အစရှိတဲ့ အဖွဲ့အစည်းများမှ ကူညီပံ့ပိုးမှုတွေ ရရှိဖို့ များစွာလိုအပ် နေပါတယ်။ နိုင်ငံတကာက ကျွန်တော်တို့ နိုင်ငံမှာ တရားဥပဒေစိုးမိုးမှုရှိပါရဲ့လား။ လူ့အခွင့်အရေး ချိုးဖောက်တဲ့အစိုးရလား။ နိုင်ငံတကာဥပဒေတွေ၊ စာချုပ်စာတမ်းတွေကို လေးစားလိုက်နာတဲ့ အစိုးရ လား စသည်ပေါ့။ ကျွန်တော်တို့ နိုင်ငံတကာက စဉ်းစားဝေဖန်ပြီးမှ ဆက်သွယ်ကူးလူးဆက်ဆံကြတာ များကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ အစိုးရအဖွဲ့ဟာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြပါတယ်။ လူသားဆိုတာကလည်း အတ္တကိုဗဟိုပြုတဲ့ ပုထုဇဉ်များဖြစ်ကြပါတယ်။ နိုင်ငံတော်တာဝန်ကြီးများ ယူထားရတဲ့ ပုဂ္ဂိုလ်များဟာ ဩဇာအာဏာလည်းကြီးမားပါတယ်။ လုပ်ပိုင်ခွင့်တွေကလည်း အပြည့်အဝ ရှိပါတယ်။ မွန်မြတ်တဲ့စေတနာနဲ့ နိုင်ငံတော်အကျိုးစီးပွား အတွက် ဆောင်ရွက်နေကြတယ်ဆိုတာကိုလည်း သဘောပေါက်ပါတယ်။ ဒီနေရာမှာ လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်၊ ၆၀ နီးပါးခန့်က ပါလီမန်ဒီမိုကရေစီအစိုးရ ဖဆပလခေတ်မှာ ကျွန်တော်တွေ့ကြုံဖတ်ဖူးခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခုကို ကျွန်တော်တင်ပြလိုပါတယ်။ အဲဒီ ဖဆပလအစိုးရအဖွဲ့ရဲ့ နိုင်ငံတော် ဝန်ကြီးချုပ်ဖြစ်တဲ့ ဦးနုဟာစသုံးလုံးကို ကိုယ်တိုင်ပဲ တိုင်ကြားချက်တစ်ခုဖွင့်လိုက်ပါတယ်။ ဒါ ကျွန်တော်တို့ မှတ်တမ်းမှတ်ရာတွေမရှိပါဘူး။ နိုင်ငံတော်ဝန်ကြီးချုပ်တစ်ယောက်က နိုင်ငံတော်က ပေးတဲ့ ရိက္ခာလစာဟာ သူ့မိသားစုအတွက် တစ်လတစ်လအလျင်မီအောင်ကြိုးစားပြီးတော့ သုံးစွဲနေရ ပါတယ်။ သူ့မှာ ငွေပိုဆိုတာမရှိပါဘူး။ သူ့အမျိုးသမီးဖြစ်တဲ့ ဝန်ကြီးချုပ်ကတော် အိမ်တစ်လုံးဝယ်တဲ့ ကိစ္စမှာ ဘယ်ကငွေနဲ့ဝယ်သလဲ။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရာထူးအရှိန်အဝါကို ခုတုံးလုပ်ပြီးတော့ ငွေရှာသလား။ ဒီလိုနည်းနဲ့ အိမ်ဝယ်တယ်ဆိုလို့ရှိရင် ဒါကို သူ့အနေနဲ့ မကြိုက်နှစ်သက်ဘူး။ အဲဒီတော့ ဒီကိစ္စကိုစုံစမ်းပါ။ စုံစမ်းလို့ သူ့ရဲ့ ဝန်ကြီးချုပ်ရဲ့ အရှိန်အဝါကိုခုတုံးလုပ်ပြီးတော့ ဒီငွေကို ရှာပြီး အိမ်ဝယ်တယ်ဆိုလို့ရှိရင် အရေးယူပါ ဆိုပြီးတော့ တိုင်ကြားခဲ့တာရှိပါတယ်။ ဒါဟာဆိုလို့ရှိရင် ပါလီမန်

ဒီမိုကရေစီခေတ်မှာ အပြန်အလှန် ထိန်းကျောင်းတဲ့စနစ် Check and Balance ဆိုပြီးရှိပါတယ်။ ပြည်သူရဲ့လွတ်လပ်ခွင့်၊ မီဒီယာ လွတ်လပ်ခွင့်တွေလည်းရှိပါတယ်။ ဒီလိုရှိတဲ့စနစ်မှာ နိုင်ငံတော် တာဝန်ယူနေကြတဲ့ ပုဂ္ဂိုလ်များဟာ အင်မတန်မှပဲ ခုနက Corruption နဲ့ပတ်သက်လို့ဆိုရင် ကင်းရှင်း ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်ကြီးဟာ လွတ်လပ်ရေးရပြီးကတည်းက နှစ်ပေါင်း ၆၀ ကျော်ကာလမှာ ခေတ် ၃ ခေတ်နှင့် စနစ် ၂ ခုကို ကျွန်တော်တို့ ကျော်ဖြတ်ခဲ့ ရပါတယ်။ ပထမခေတ်ကတော့ ခုနက ကျွန်တော် ပြောခဲ့တဲ့ ပါလီမန်ဒီမိုကရေစီ ဖဆပလအစိုးရခေတ်၊ ဒုတိယ ခေတ်ကတော့ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရခေတ်၊ တတိယ ကတော့ နဝတ၊ နယကအစိုးရခေတ် ဒီခေတ် ၃ ခေတ် မှာ ကျွန်တော်တို့တိုင်းပြည်ဟာ စနစ် ၂ ခု နှင့် ကျွန်တော်တို့ဖြတ်သန်းခဲ့ရပါတယ်။ အဲဒီတော့ ပထမစနစ်မှာဆိုလို့ရှိရင် ခုနက ကျွန်တော် ပြောခဲ့သလို ဒီ Corruption နဲ့ပတ်သက်လို့ရှိရင် အင်မတန် ကင်းရှင်းခဲ့ပါတယ်။ ဒုတိယစနစ်ကတော့ ဒီ Corruption နဲ့ပတ်သက်လို့လည်း ကင်းရှင်းပါတယ်။ ကျွန်တော် တို့နာမည်ဆိုးမရှိခဲ့ပါဘူး။ ဒါဘာဖြစ် လို့လဲဆိုတော့ Check and Balance ရှိတယ်။ ပါတီကောင်စီနှင့် လွှတ်တော် အဲဒီတုန်းကရှိတယ်။ နောက်တတိယခေတ်ကတော့ ထိန်းကြောင်းမှုမရှိတဲ့ စနစ်တစ်ခုဖြစ်တဲ့အတွက် ကမ္ဘာ့ Transparency International ညွှန်းကိန်းအရဆိုရင်တော့ ကမ္ဘာ့အဆင့်အတန်းမှာ အောက်ခြေမှာရှိနေပါတယ်။ အခု ကျွန်တော်တို့ မြန်မာနိုင်ငံဟာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ ခေတ်ပြောင်း၊ စနစ်ပြောင်း၊ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေတဲ့၊ ကြိုးစားနေတဲ့ကာလမှာ အဲဒီညွှန်းကိန်းတွေဟာ တက်မလာသေးပါဘူး။ ဒါကို ကျွန်တော်တို့က ချေဖျက်ချင်ပါတယ်။ အဲဒီလို ဒီ Corruption နဲ့ပတ်သက်လို့ သမ္မတကြီးကလည်း ခုနက စင်ကာပူနိုင်ငံကို အင်မတန်အားကျတာ။ စင်ကာပူရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို သူနှစ်သက်တယ်။ လိုလားတယ်။ အဲဒီလို ကျွန်တော်တို့ နိုင်ငံကို လည်း ဖြစ်ချင်တယ်။ အဲဒီ ခုနက ညွှန်းကိန်းမှာဆိုလို့ရှိရင် စင်ကာပူနိုင်ငံတောင် အဆင့် ၅ မှာပဲရှိတယ်။ ဒါဟာ သူ့အနေနဲ့ကျသွားတာပါ။ အဲဒီတော့ ဒီကမ္ဘာမှာ သိက္ခာရှိတဲ့နိုင်ငံတွေဆိုလို့ရှိရင် ဒီ Corruption နဲ့ပတ်သက်လို့က အင်မတန်မှပဲ အလေးထားကြပါတယ်။ အခု ကျွန်တော်တို့ နိုင်ငံမှာဆိုရင်လည်း Check and Balance ရှိလာပါပြီ။ ဥပဒေတွေလည်း ပြဋ္ဌာန်းမှုတွေလုပ်နေပါပြီ။ အခု ကျွန်တော် ကြားသိရတာက နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်များကို ပိုင်ဆိုင်မှုစာရင်းများ တင်ပြဖို့ ညွှန်ကြားထားပြီးဖြစ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တွေ့ရတဲ့အတွက် သမ္မတကြီးရဲ့ လုပ်ရပ်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံး LDC နိုင်ငံ

အဖြစ်ကလည်း မလွတ်သေးပါဘူး။ ကျွန်တော်တို့အားလုံး တက်ညီလက်ညီ နိုင်ငံပြုစိတ်ဓာတ်နဲ့ ဆောင်ရွက်သွားကြရဦးမှာဖြစ်ပါတယ်။ ဒီနေရာမှာ အစိုးရရဲ့လုပ်ဆောင်မှုကို ပြည်သူက လက်ခံယုံကြည်မှ ပူးပေါင်းဆောင်ရွက်လာမှာဖြစ်ပါတယ်။ အောင်မြင်မှုရလာမှာဖြစ်ပါတယ်။ နိုင်ငံတကာကလည်း ယုံကြည်လက်ခံလာကြမှာဖြစ်ပါတယ်။ ဒါကြောင့် ပွင့်လင်းမြင်သာမှုကိုပြသတဲ့အနေနဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေး၊ သန့်ရှင်းတဲ့အစိုးရဖြစ်ပေါ်စေဖို့ ဦးဝင်းမြင့်တင်ပြထားတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများသည် ၎င်းတို့ရဲ့ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်း နိုင်သောပစ္စည်းနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန်အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံကြောင်း ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မြင့်မြင့်စန်း(ဝါးခယ်မမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်း ဖြစ်ပြီး ပုသိမ်မဲဆန္ဒနယ်က ဦးဝင်းမြင့်၏ Good Governance (ကောင်းမွန်သောအုပ်ချုပ်ရေး)၊ Clean Government (သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင့်။ ကျွန်မရဲ့ဆွေးနွေးချက်ကို ဖတ်ကြားခွင့်ပြုစေချင်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ လူနှင့်လူ့ပတ်ဝန်းကျင်မှာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်ခြင်း၊ အားကိုးခြင်း၊ လေးစားခြင်းတွေရှိမှသာ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းတွေရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်သမ္မတကြီးက တာဝန်ထမ်းဆောင်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်မိန့်ခွန်းမှာ အစိုးရကိုခိုင်မာကောင်းမွန်အောင် အပြန်အလှန်နားလည်မှု၊ ယုံကြည်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့

ကူညီပေးကြပါ၊ ထိန်းကျောင်းတည့်မတ်ပေးကြပါ။ အားလုံးသော State Holder များအနေနဲ့လည်း လူ့အဖွဲ့အစည်းကြီး တိုးတက်ခိုင်မာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါလို့ အလေးအနက် တိုက်တွန်းပါကြောင်း ပြောထားတာ ဖြစ်ပါတယ်ရှင့်။ လူဆိုတာ ရိုးသားမှ ယုံကြည်ပါတယ်။ ကြိုးစားမှ အားကိုးပါတယ်။ သမာသမတ်ကျမှ ဖြောင့်မတ်မှ လေးစားပါတယ်။ ယုံကြည်အားကိုး လေးစားခံထိုက်တဲ့ အစိုးရဖြစ်ဖို့အတွက် Good Governance နှင့် Clean Government အထူးလိုအပ်ပါတယ်ရှင့်။ Good Governance ဖြစ်ဖို့အတွက် ကမ္ဘာ့ဘဏ်ကညွှန်းကိန်း ၆ ချက် သတ်မှတ်ထားတာ တွေ့ရပါတယ်။ အဲဒါတွေကတော့ (၁) Voice and Accountability ပွင့်လင်းမှုနှင့် တာဝန်ခံမှု၊ (၂) Political Stability and Lack of Violence နိုင်ငံရေးတည်ငြိမ်မှုနှင့် အကြမ်းဖက်မှုကင်းရှင်းရေး၊ (၃) Government Effectiveness အစိုးရ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၄) Regulatary Quality လုပ်ထုံးလုပ်နည်းများ အရည်အသွေးမြင့်မားမှု၊ (၅) The Rule of Law တရားဥပဒေစိုးမိုးရေးနှင့် (၆) Independence of Judiciary and Contial of Corruptional တရားစီရင်ရေး လွတ်လပ်မှုနှင့် လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးတို့ ဖြစ်ပါတယ်။ အဲဒီအချက် ၆ ချက်နှင့် ပြည့်စုံတဲ့နိုင်ငံတွေကိုသာ ကမ္ဘာ့ဘဏ်က ကူညီတယ်လို့လည်း သိရပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ သစ်တစ်ပင်ခုတ် ထောင် ၃ နှစ်လို့ သစ်တောဦးစီးဌာနက ရေးထားတဲ့ ဆိုင်းဘုတ်အောက်မှာ တစ်တောလုံးခုတ် အပြစ်မဟုတ် သူဌေးဖြစ်တဲ့အလုပ်ဆိုတဲ့စာသား အဲဒီစာကြောင်းနှစ်ခုရဲ့ ကွာခြားချက်နောက်ပိုင်းအနှစ်သာရကို လေ့လာကြည့်ရင် တရားဥပဒေစိုးမိုးမှု မရှိတာ စီမံခန့်ခွဲမှုအားနည်းတာကို ဝမ်းနည်းဖွယ်ရာတွေ့မြင်ရပါတယ်။ အဲဒီတော့ သမ္မတကြီးရဲ့ Good Governance, Clean Government ဖော်ထုတ်မယ်ဆိုတဲ့ မိန့်ခွန်းကို ကြားရတော့ ပြည်သူ့လူထုတစ်ရပ်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသလို လှိုက်လှိုက်လှဲလှဲလည်း ထောက်ခံတာ တွေ့ရပါတယ်။ ဘယ်လိုအကောင်အထည်ဖော်မယ်ဆိုတာကိုလည်း စောင့်မျှော်နေကြပါတယ်ရှင့်။ ဒါကြောင့် နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် အဓိကကျတဲ့ ဥပဒေပြဋ္ဌာန်းခြင်း၊ ဥပဒေဟောင်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အရေးကြီးတဲ့မူဝါဒတွေ ဆွေးနွေးချမှတ်ခြင်းအပြင် အခြေခံဥပဒေပုဒ်မ ၁၉ ပါ တရားစီရင်ရေးမူဝါဒတွေကိုလည်း တိတိကျကျမှန်မှန်ကန်ကန်လိုက်နာဖို့လိုပါတယ်ရှင့်။ အထူးသဖြင့် သန့်ရှင်းတဲ့ အစိုးရဖြစ်ဖို့ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရပါမယ်။ လာဘ်ပေးလာဘ်ယူမှုဟာ တိုင်းပြည်နှင့် လူမျိုးအတွက် ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေတဲ့အတွက်ကြောင့် အမိန့်၊ ဥပဒေများပြဋ္ဌာန်းပြီး ထိန်းကျောင်းကြပ်မတ်ဖို့လိုပါတယ်။ ဒီမိုကရက်တစ်ထိန်းကျောင်းဖို့ Check and Balance လိုအပ်ပါ

တယ်ရှင့်။ အဲဒီအတွက် မိမိတို့မှာရှိတဲ့ ပိုင်ဆိုင်မှုတွေဟာ ရိုးရိုးသားသားရှာဖွေထားတာဖြစ်ကြောင်းနှင့် စာရင်းဇယားမှန်မှန်ကန်ကန်ဖော်ပြပေးခြင်းဖြင့် ရိုးသားဖြောင့်မတ်မှုကို ပြည်သူက အသိအမှတ်ပြု လာမှာ ဖြစ်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၆၈ မှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့ ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ ဆင့်ငွေနှင့် အခြားအဖိုးတန်ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော် အကြီးအမှူးထံ ပေးပို့ရမည်။ ပြဋ္ဌာန်းထားခြင်းကို လိုက်နာတာဟာ သမ္မတကြီးနှင့် ဒုတိယသမ္မတများ အပေါ်မှာ ပြည်သူတွေရဲ့ ယုံကြည်လေးစားမှုရစေပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အားဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတနည်းတူ ပြည်ထောင်စု အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအပြင် တာဝန်ပေး အပ်ခံရသူများကလည်း ၎င်းတို့ရဲ့ပိုင်ဆိုင်မှုများကို ထုတ်ဖော်ကြောင်းကြေညာမှတ်တမ်းတင်ထားပါက ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိ ထည်ထည်ဝါဝါနေနိုင်တဲ့ နိုင်ငံဖြစ်စေမှာမို့ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့ အဆိုကို ထောက်ခံပါကြောင်း လေးလေးနက်နက် ပြောကြားရင်း နိဂုံးချုပ်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဇော်မြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါ တယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ World Bank, International Monetary  Firm, International Finance Institutions စတဲ့ ငွေရေးကြေးရေးဆိုင်ရာအဖွဲ့ကြီးတွေဟာ ဒီမိုကရေစီတည်ဆောက်နေတဲ့ နိုင်ငံများကို ငွေရေးကြေးရေး အကူအညီပေးနေတဲ့ အဖွဲ့အစည်းများ ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းကြီးတွေဟာ အာဏာရှင်နိုင်ငံကနေ ဒီမိုကရေစီနိုင်ငံကို ကူးပြောင်းတဲ့နိုင်ငံတွေကို ငွေရေးကြေးရေး အကူအညီပေးတဲ့အခါ အခု Good Governance ဆိုတဲ့ ကောင်းမွန်သောအုပ်ချုပ်မှုကို အလေးထားကြည့်နေပါတယ်။ ဘာကြောင့် Good Governance ကို အလေးထားကြည့်လာရတာလဲဆိုတော့ သုတေသနလုပ်ငန်းတွေအရ ဒီမိုကရေစီတည်ဆောက်တဲ့ နိုင်ငံတွေမှာ ကျရှုံးသွားရတဲ့ အကြောင်းရင်းတွေထဲမှာ လာဘ်ပေး လာဘ်ယူမှုဟာ အချက်ကြီးတစ်ချက်အနေနဲ့ ပါဝင်နေတယ်လို့ ပြောပါတယ်။ အဲတော့ လာဘ်ပေး

လာဘ်ယူမှုကို တိုက်ဖျက်တဲ့နေရာမှာ Anticorruption Law ဆိုတဲ့ ဥပဒေအပြင် Anticorruption Commission တို့နဲ့ ဘယ်လိုပဲစောင့်ကြပ်ကြည့်ကြည့်လာဘ်ပေးလာဘ်ယူမှုနည်းသွားတာကို မတွေ့ရပါဘူးတဲ့။ Good Governanceဆိုတဲ့ ကောင်းမွန်သောအုပ်ချုပ်မှု ပုံစံကသာလျှင် လာဘ်ပေးလာဘ်ယူမှုကို နည်းသွားတယ်ဆိုတာ သိရပါတယ်။ အဲဒီတော့ Good Governance၊ Clean Government ဖြစ်ဖို့ ကြိုးစားရပါမယ်။ Good Governance ဖြစ်ဖို့ ဆောင်ရွက်နေတဲ့ နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းလေးတစ်ခုကို တင်ပြချင်ပါတယ်။ သေးသေးလေးပါ။ ဒါပေမယ့် ထိရောက်မှုရှိပါတယ်။ ဒါဘာလည်းဆိုလို့ရှိရင် လက်ဆောင်လို့ခေါ်ပါတယ်။ Gift လို့သုံးပါတယ်။ ဟုတ်ပြီ။ ဒီလက်ဆောင်ကို ဘယ်လောက်အတိုင်းအတာအထိ ပေးမှာလဲဆိုတာ ပါလာပါတယ်။ နိုင်ငံတကာမှာ Gift Limited ဆိုပြီးသတ်မှတ်ပါတယ်။ လက်ဆောင်ကို ဒီထက်ပိုပေးလို့ မရဘူးလို့ ပြောပါတယ်။ ဥပမာ UK မှာ ဆိုရင် ပေါင် ၁၄၀ အထက်ပေးရင် ဒါဟာ Gift Limited ကိုကျော်သွားတဲ့အတွက် လက်ခံလို့မရပါဘူး။ ဒီလို Gift Limitedကို သတ်မှတ်တဲ့အထဲမှာ Japan နိုင်ငံလည်း ပါပါတယ်။ ကျွန်တော်ဖတ်ဖူးတဲ့ စာလေးတစ်ခုမှာကတော့ ဂျပန်ဝန်ကြီးချုပ် တရုတ်ပြည်သွားလည်တဲ့ အချိန်မှာ လက်ဆောင်ပေးလိုက်တဲ့ မှိုတစ်ခုကို သယ်လာပါတယ်။ သူတို့သတ်မှတ်ထားတဲ့ Gift Limited ကို ကျော်နေတဲ့အတွက် ပြန်ပို့ပေးရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန်နိုင်ငံမှာ ပါတီကြီးနှစ်ခုဖြစ်တဲ့ Republican ပါတီနှင့် Democratic ပါတီနှစ်ခုက သဘောတူညီမှုရဖို့ အလွန်ခဲယဉ်းပါတယ်။ ဒါပေမယ့် ဒီနေ့ ဒီချိန်ခါမှာ သဘောတူညီမှု တစ်ခုရပါတယ်။ အဲဒါဘာလဲဆိုတော့ Gift Limitedကို သတ်မှတ်ဖို့ဖြစ်ပါတယ်။ Republican ပါတီဟာ ဒေါ်လာ ၁၀၀ လို့ အဆိုပြုထားပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာမှာလည်း လက်ဆောင်ပေးခြင်းရှိပါတယ်။ ဒါပေမယ့် မြန်မာယဉ်ကျေးမှု နယ်ပယ်မှာတော့ ဒါကို ကန်တော့တယ်လို့ ခေါ်ပါတယ်။ အခုကန်တော့ခြင်းဆိုတာ ဘယ်လောက်ခေတ်စားနေသလဲဆိုရင် မိသားစုရှိရာ ပြောင်းချင်ပါတယ်။ လွယ်ပါတယ်။ ဆရာသမားကို သွားကန်တော့လိုက်ပါ။ မပြောင်းချင်ဘူး ဆရာသမားကို သွားကန်တော့လိုက်ပါ။ အဲတော့ နိုင်ငံမှာ ကန်တော့တယ်ဆိုတဲ့ ဟာလေးရော သတ်မှတ်ချက်မရှိသင့်ဘူးလားဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ စဉ်းစားပေးစေချင်ပါတယ်။ ဒီဟာ အရေးကြီးပါတယ်ခင်ဗျား။ နိုင်ငံတကာနဲ့ တန်းတူရည်တူသွားဖို့ မကြာခင်မှာ FDI ဥပဒေ ပြဋ္ဌာန်းပြီးရင် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေဝင်လာတဲ့အခါမှာ ဒီ Gift Limited ကျွန်တော်တို့ဆီမှာ

ကန်တော့တဲ့ သတ်မှတ်ချက်ကလေးသတ်မှတ်ထားရင် ပိုအဆင်ပြေမယ်လို့ ယုံကြည်နေတဲ့အတွက် တင်ပြခြင်းဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယကတော့ Disposure of Finance လို့ခေါ်တဲ့ ပိုင်ဆိုင်မှုတွေကို ကြေညာခြင်း ဖြစ်ပါတယ်။ ကမ္ဘာမှာ ၁၀၆ နိုင်ငံတိတိ ပိုင်ဆိုင်မှုတွေကို ကြေညာပါတယ်။ ဒီလိုကြေညာတဲ့နေရာမှာ နှစ်ခုရှိပါတယ်။ လူထုသိအောင်ကြေညာတာနဲ့ လူထုမသိအောင်ကြေညာတာ ဖြစ်ပါတယ်။ လူထုသိအောင်ကြေညာတာ ၃၆နိုင်ငံရှိပြီး လူထုမသိအောင်ကြေညာတာ နိုင်ငံပေါင်း ၇၀ရှိပါတယ်။ အဲတော့ လူထုသိအောင် ကြေညာတဲ့ထဲမှာ အာရှနိုင်ငံတွေထဲမှာ အင်ဒိုနီးရှားပါပါတယ်။ ဗီယက်နမ်ပါပါတယ်။ Thailand ပါပါတယ်။ Philipine ပါပါတယ်။ Mongolia ပါပါတယ်။ လူထုမသိအောင်ကြေညာတဲ့နိုင်ငံထဲမှာ တရုတ်ပြည်ပါပါတယ်။ မလေးရှားပါပါတယ်။ Solimon ကျွန်းနိုင်ငံတွေပါပါတယ်။ ကြေညာစရာ မလိုဘူးလို့ပြောတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ Cambodia နဲ့ Lao တို့။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုကြေညာတဲ့အခါမှာလည်း နိုင်ငံတကာမှာ ဘာတွေကြေညာသလဲဆိုတာ ရှိပါတယ်။ နိုင်ငံတကာမှာတော့ ၅ မျိုး ကြေညာပါ တယ်။ ဝင်ငွေတွေကို ကြေညာပါတယ်။ Asset ဆိုတဲ့ ပိုင်ဆိုင်မှုတွေကို ကြေညာပါတယ်။ Gift ဆိုတဲ့ လက်ဆောင်ရတာတွေကို လည်းကြေညာပါတယ်။ နောက်တစ်ခြားအဖွဲ့အစည်းတွေမှာ အကျိုးအမြတ် မရတဲ့ အဖွဲ့အစည်းတွေမှာ ပါခဲ့ရင်လည်း ရာထူးအဆင့်အတန်းကို ပြောရပါတယ်။နောက်ဆုံးကတော့ အကြွေးများကိုလည်းကြေညာ ပါတယ်။ ဒီလိုကြေညာတဲ့အခါမှာ ဘယ်ပုံဘယ်နည်းကြေညာမလဲဆိုတာလည်း နိုင်ငံတကာမှာ ရှိပါတယ်။ တစ်နှစ်တစ်ခါကြေညာမလား၊ နှစ်နှစ်တစ်ခါ ကြေညာမလား၊ ဒါမှမဟုတ်ရင် ရာထူးလက်ခံတဲ့အချိန်မှာ ကြေညာမလား၊ ရာထူးထွက်သွားတဲ့အကြိမ် တစ်ကြိမ်ထပ်ကြေညာမလား၊ ဒါမှမဟုတ်ရင် တတိယနည်းကတော့ အခါအားလျော်စွာကြေညာခြင်း ဖြစ်ပါတယ်။ ဒီလိုကြေညာပြီးရင်လည်း မှန်ကန်မှုရှိတယ်ဆိုတာကို On Best Person လို့ခေါ်တဲ့ လွတ်လပ်တဲ့ ရှေ့နေလို ပုဂ္ဂိုလ်မျိုးတွေက စောင့်ကြပ်ကြည့်ပါတယ်။ ဒါမှမဟုတ်လို့ရှိရင်လည်း ပါလီမန်ကနေ အဖွဲ့ဖွဲ့ပြီးတော့ စောင့်ကြပ်ကြည့်ရှုတာ လည်းရှိပါတယ်။ ဒါတွေဟာ ကနေ့ နိုင်ငံတကာမှာ သမ္မတကြီးဦးသိန်းစိန်ရဲ့ ၂၀၁၅-၂၀၁၆ အမျိုးသားစီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ၇.၇ရာခိုင်နှုန်း တိုးတက်ဖို့အတွက် တစ်ဦးချင်း GDP ၁.၇ ရာခိုင်နှုန်း တိုးတက်ဖို့ဆိုရင် ကျွန်တော်တို့အားလုံး ပြည်သူတွေရော၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရော၊ ပြည်ထောင်စုအစိုးရတွေရော အားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော့်အနေနဲ့ ပုသိမ်မဲဆန္ဒနယ်က

ဦးဝင်းမြင့်ရဲ့ အဆိုကို ထောက်ခံရင်းနဲ့ Gift Limitedကလေးနဲ့ ကြေညာတဲ့အခါမှာ လူထုသိအောင် ပိုင်ဆိုင်မှုတွေမှာ သားတွေ၊ သမီးတွေ၊ ချွေးမတွေ၊ သမက်တွေ၊ တူတွေ၊ တူမတွေရဲ့ အဲဒီအစရှိတဲ့ အချက်အလက်တွေပါအောင် စဉ်းစားပေးကြပါလို့ပြောကြားရင်းနဲ့ နိဂုံးချုပ်ချင်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါက်တာမျိုးအောင် ဒဂုံမြို့သစ်ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးအောင်(ဒဂုံမြို့သစ်ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးကို ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်း မဲဆန္ဒနယ် ကိုယ်စားလှယ် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုသိမ်မဲဆန္ဒနယ် ဦးဝင်းမြင့်ရဲ့ Good Governance (ကောင်းမွန်သောအုပ်ချုပ်ရေး)၊ Clean Government (သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ အဖြစ်တာဝန်ပေးခံရတဲ့ လူတွေဟာ ၎င်းတို့ရဲ့ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေနဲ့တကွ အကျိုးစီးပွားတွေကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားပါဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုကြီးက တစ်ခဲနက်လိုလားနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ထောင်ရေးကို နိုင်ငံတော်အစိုးရက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေတာ အခုကာလမှာ နိုင်ငံတကာက အသိအမှတ်ပြုကြိုဆိုတဲ့ အခြေအနေကိုရောက် ရှိလာပါပြီ။ နိုင်ငံတော်သမ္မတကြီးကလည်း ဒါကိုပဲပြန်လည်ရည်ညွှန်းပြီး နိုင်ငံတကာကို အသိအမှတ်ပြုတယ်ဆိုရင် လက်တွေ့ပြသတဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ ပြန်လည်ထူထောင်ရေးကိစ္စတွေမှာ စီးပွားရေးရင်းနှီးမြှုပ်နှံကြဖို့ မကြာခဏ မြွက်ကြား ဖိတ်ခေါ်လေ့ရှိပါတယ်။ ဒီနေရာမှာ နိုင်ငံတကာက သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒတွေမှာ ထုတ်ဖော်ပြောကြားသည်ဖြစ်စေ၊ မပြောကြားသည်ဖြစ်စေ၊ သူတို့အထဲမှာ အသေအချာရှိနေတဲ့ အချက်ကတော့၊ အမြဲတမ်းစုံစမ်းလေ့လာနေတဲ့အချက်ကတော့ သူတို့ရင်းနှီးမြှုပ်နှံနေတဲ့ နိုင်ငံတွေရဲ့ နိုင်ငံရေး အခြေအနေနှင့် အဂတိလိုက်စားမှုအခြေအနေလည်း ဖြစ်တယ်ဆိုတာ မလွဲမသွေ ယုံကြည်ပါတယ်။ ဒီအချက်ကို ရင်းနှီးမြှုပ်နှံမှုကို အမြန်ဆုံးအများဆုံးရအောင်ကြိုးပမ်းနေတဲ့ နိုင်ငံ အနေနဲ့ အကောင်းဆုံးတုံ့ပြန်ဖို့ အချက်တစ်ခုကတော့ ပုသိမ်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့် တင်ပြပေးတဲ့ အဆိုပဲဖြစ်ပါတယ်။ နိုင်ငံတကာကို လေ့လာစောင့်ကြည့်နေတဲ့ အဖွဲ့ကြီး

တွေက ထုတ်ပြန်ကြေညာတဲ့ အဂတိတရား ကင်းစင်မှုဆိုင်ရာ စစ်တမ်းတစ်ခုမှာဆိုရင် ညွှန်းကိန်းမှာ နိုင်ငံဟာ အညံ့ဆုံးအပိုင်းမှာ ရောက်နေတယ်ဆိုတာ ဝမ်းနည်းဖွယ်ရာ လေ့လာသိရှိခဲ့ရပါတယ်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို အားကောင်းစေချင်တယ်ဆိုရင် နိုင်ငံတကာစံချိန်စံညွှန်းတွေကို ကိုက်ညီဖို့တော့ ကြိုးစားကြရပါလိမ့်မယ်။ ဘာလို့လည်းဆိုတော့ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံတော့မယ်ဆိုရင် ဒီနိုင်ငံတကာရဲ့ စံချိန်စံညွှန်း၊ ညွှန်းကိန်းတွေကိုပဲ လေ့လာအကဲဖြတ်ပြီးတော့မှလာကြမှာ ဖြစ်လို့ပါပဲ။ ဒါကတော့ လက်တွေ့ပကတိရှိနေတဲ့ အမှန်တရားပါ။ ဒါကို ငြင်းပယ်လို့၊ မသိချင်ယောင်ဆောင်နေလို့မရပါဘူး။ ဒါကြောင့်လည်းပဲ ဒီဦးဝင်းမြင့်ရဲ့အဆိုကို ဆောင်ရွက်ခြင်းက အကောင်းဆုံးသော နည်းလမ်းတစ်ခု ဖြစ်ပါလိမ့်မယ်လို့ ရိုးသားစွာ ခံယူမိပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီဆိုတာ ပြည်သူ့အုပ်ချုပ်ရေးပါပဲလို့ တစ်ခွန်းထဲ အဓိပ္ပါယ်ဖွင့်ဆိုလို့ရပါတယ်။ ပြည်သူပါဝင်မှသာ ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးက အောင်မြင်လိမ့်မယ်လို့ထပ်ဆင့် ဖွင့်ဆိုလို့လည်းရပါတယ်။ ဒီလိုပါဝင်ဖို့ဆိုရင် ပြည်သူတွေ ယုံကြည်မှုရှိမှ ဖြစ်ပါလိမ့်မယ်။ ဒီကိစ္စကလည်း အပြောလွယ်သလောက် လက်တွေ့မှာ ခက်ခဲတဲ့ကိစ္စကြီးတစ်ခု ဖြစ်ပါတယ်။ ယုံကြည်မှုရဖို့အတွက် အကောင်းဆုံးနည်းလမ်းကတော့ ဒီမိုကရေစီနိုင်ငံတွေမှာ ကျင့်သုံးနေကြတဲ့ အဂတိနည်းပါးကြောင်း သက်သေပြဖို့ အချက်တစ်ခုလည်း ဖြစ်ပါတယ်။ အစိုးရတစ်ရပ်က ဘယ်လောက်ကောင်းမွန်အောင် ကြိုးပမ်းနေတယ်ဆိုတာဖော်ပြရုံနဲ့ ပြည်သူရဲ့ယုံကြည်မှုကိုရဖို့ ခက်ခဲပါတယ်။ သူတို့ဆောင်ရွက်မှုဟာ အဂတိတရားနည်းပါးကြောင်းကိုလည်း သက်သေထူကြရပါလိမ့်မယ်။ အဲလိုပြသရာမှာ ဝါဒဖြန့်မှုဆိုတာ မဟုတ်ဘူးဆိုတဲ့အနေနဲ့ လက်တွေ့ကိန်းဂဏန်းတွေနဲ့ ဖော်ပြဖို့ကို ပြည်သူနားလည်အောင် အစိုးရအဖွဲ့ဝင်တွေဟာ သူတို့ရဲ့ ပိုင်ဆိုင်မှုအားလုံးကို အများပြည်သူသိအောင် ထုတ်ဖော်ကြေညာခြင်းက အကောင်းဆုံးသော နည်းလမ်းတစ်ခုဖြစ်တယ်ဆိုတာကို နိုင်ငံတကာစံချိန်စံညွှန်းတွေ ကြည့်ပြီးတော့မှ သိရှိနိုင်ပါတယ်။ ဒါကြောင့်လည်းပဲ အကျဉ်းချုပ်ရရင်တော့ ပုသိမ်မဲဆန္ဒနယ်က ဦးဝင်းမြင့်ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်းတင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၄း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၅း၂၅ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး အစည်းအဝေးအစီအစဉ်များ ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်ရဲ့အဆိုကို ထပ်မံတင်သွင်းမယ့် အမည်စာရင်းအရဦးစွာကြည်း ၁၉၃၀၇ ဗိုလ်မှူးကြီးခင်မောင်ထွန်း ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ထွန်း (တပ်မတော်သားကိုယ်စားလှယ်)။** ။ ချစ်ခင်လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသောဧည့်သည်တော်များ ခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်ထွန်းဖြစ်ပါတယ်။ ယခု ဦးဝင်းမြင့် အဆိုမှာပါတဲ့ Good Governance (ကောင်းမွန်သောအုပ်ချုပ်ရေး)၊ Clean Government (သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန် အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့်ပတ်သက်ပြီး အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် (Good Governance) ယနေ့ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်နှင့် စီးပွားရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေတဲ့ ဝေါဟာရဖြစ်ပါတယ်။ Good Governance အကြောင်းမဆွေးနွေးမီ governance နဲ့ ပတ်သက်လို့ အနည်းငယ်ဆွေးနွေးလိုပါတယ်။ Governance ရဲ့ လိုရင်းအဓိပ္ပာယ်ကတော့ အစိုးရ

(Government) ပြည်သူ (Public) နဲ့ ဈေးကွက် (Market) တို့အချင်းချင်း အပြန်အလှန် ဆက်သွယ်မှု (Interaction of Multiple Stateholders) ဖြစ်ပါတယ်။ Governance သဘော တရားကိုကြည့်မယ်ဆိုရင် အစိုးရရဲ့အခန်းကဏ္ဍ ပိုမိုကျဉ်းမြောင်းသွားပြီးတော့ ပြည်သူလူထုရဲ့ အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာတာဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်တည်ဆောက်ရေး State Building မှာ ပြည်သူတို့ရဲ့ကဏ္ဍပေါင်းစုံမှပါဝင်လာပြီးတော့ ပူးပေါင်းခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်း လုပ်ဆောင်ချက်တို့ အကျုံးဝင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ Good Governance ရှိ၊ မရှိ ဆိုတာနဲ့ပတ်သက်လို့ လူ့အခွင့်အရေးကို ဘယ်အတိုင်းအတာအထိ ပြည့်ဝစွာအကောင်အထည်ဖော် နိုင်သလဲဆိုတဲ့အချက်ပေါ်မှာမူတည်တယ်လို့ ဖွံ့ဖြိုးရေးပညာရှင်တွေက ဆိုကြပါတယ်။ ဆိုလိုတာ ကတော့ လူတို့ရဲ့အခြေခံမရှိမဖြစ် အရာများဖြစ်တဲ့ စားဝတ်နေရေးပြည့်ဝပြေလည်နေစေရန်အတွက် လုံလောက်သော စားနပ်ရိက္ခာ(Sufficient Food)၊ ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေး (Right to Health)၊ လုံလောက်သောအိမ်ရာ(Adequate Housing)၊ အရည်သွေးပြည့်ဝသော ပညာရေး (Quality Education)၊ တရားမျှတမှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံရေး(Fair, Justice and Personal Secrity) စတာတွေကို အုပ်ချုပ်တဲ့အဖွဲ့အစည်းတွေနဲ့ ထိရောက်စွာဆောင်ရွက်ပေး နိုင်ခြင်းရှိမရှိတို့ကို တိုင်းတာတဲ့ဟာဖြစ်ပါတယ်။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နဲ့ ဒီမိုကရေစီ စနစ်ဟာလည်း လိုက်ဖက်ညီတာကို တွေ့ရပါတယ်။ အဆိုပါစနစ်ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စနစ်ကျင့်စဉ်တွေထွန်းကားလာဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီ စနစ်ကို အနှစ်သာရရှိရှိ အပြည့်အဝအကောင်အထည်ဖော်ကျင့်သုံးနိုင်ဖို့အတွက် ကောင်းမွန်တဲ့ အုပ်ချုပ်ရေး၊ အုပ်ချုပ်မှုစနစ်ခိုင်ခိုင်မာမာပေါ်ပေါက်လာရမှာဖြစ်ပါတယ်။ သို့ပါ၍ ဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာကျင့်သုံးနိုင်ရန် အစိုးရအဖွဲ့အတွင်း၌သာမက ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူ လူထုအတွင်းတွေမှာ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီမိုကရေစီ သည် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နဲ့ တွဲဖက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ပေါ်ပေါက်စေရန် နိုင်ငံသားအားလုံးအနေနဲ့ ဒီမိုကရေစီကျင့်စဉ် များထွန်းကားအောင် အလေးထားဆောင်ရွက်ကြရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကောင်းမွန် သောအုပ်ချုပ်ရေးစနစ် (Good Governance) အချင်းအရာများနဲ့ပတ်သက်လို့ အခြေခံအားဖြင့် အောက်ပါအချက်များပေါ်မူတည်ပြီး သတ်မှတ်လေ့ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အများစု ပါဝင်ခြင်း (Participation)၊ စည်းမျဉ်းစည်းကမ်းဥပဒေ (Rule of Law)၊ ကြိုတင်ခန့်မှန်းနိုင်မှု

(Predictability)၊ပွင့်လင်းထင်သာမြင်သာမှု(Transparency)၊တုန့်ပြန်မှုရှိခြင်း(Responsiveness)၊ အများပြည်သူသဘောတူညီမှုကိုရယူပြီး ရွေးရှုလုပ်ကိုင်ခြင်း(Consensus Orientation)၊ ညီမျှခြင်းနှင့် အများစုအားထည့်သွင်းစဉ်းစားခြင်း (Equity and Inclusiveness)၊ ထိရောက်မှုရှိခြင်းနှင့် စွမ်းဆောင်မှုပြည့်ဝခြင်း(Efficitiveness and Efficiency)၊ တာဝန်ယူမှုရှိခြင်း(Accountability)တို့ ဖြစ်ပါ တယ်။ အထက်ပါအရည်အချင်းများရှိနေရမယ့်အပြင် လာဘ်ပေးလာဘ်ယူမှု (Corruption) ကိုလည်း အနည်းဆုံးဖြစ်စေရမှာဖြစ်ပါတယ်။ Corruption is Minimized ဖြစ်ပါတယ်။ ဒီလိုဖြစ်ဖို့ လူနည်းစုရဲ့အမြင်ကိုလည်း ထည့်သွင်းစဉ်းစားနိုင်ရမှာဖြစ်တယ်ဆိုတာကိုလည်း အထူးသတိပြုဖို့လိုပါတယ်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်မှာလည်း Corruption ပပျောက်ရေးကို ဦးတည်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။ ဒါပေမယ့်လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ မှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့ဦးစီးတဲ့ တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင် မြေအိမ်၊ အဆောက်အုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနဲ့ အခြားအဖိုးတန်ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်အကြီးအမှူးထံပေးပို့ရမယ်လို့သာ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ကတိသစ္စာပြုချက်ပါအတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်ရဲ့ ဥပဒေများကိုလည်း လိုက်နာရမှာဖြစ်တဲ့အတွက် အခုဦးဝင်းမြင့်အဆိုမှာပါတဲ့ နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ခွဲဝေအပ်နှင်းခြင်းခံရတဲ့ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များရဲ့ ပိုင်ဆိုင်မှုများကို စာရင်းပြုစုကာ ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရမယ်ဆိုတဲ့အတိုင်း ဆောင်ရွက်မယ်ဆိုလို့ရှိရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ ကို ကျော်လွန်နေတာ တွေ့ရှိရပါတယ်။ သို့ပါ၍ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များရဲ့ ပိုင်ဆိုင်မှုများကို စာရင်းပြုစု ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရမယ်ဆိုတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့အဆိုဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ နဲ့ မကိုက်ညီတဲ့အတွက် အဆိုကိုပြန်လည်သုံးသပ်သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်မြင့်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်၊ ကြည်း၁၈၀၂၉ ဗိုလ်မှူးကြီးအောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့အဆိုနှင့်ပတ်သက်လို့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများရဲ့ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ၏ ခတ်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်ဆိုတဲ့ ပြဋ္ဌာန်းချက်နှင့် အပိုဒ် ၁၂ အပိုဒ်ခွဲ(က) ပါ နိုင်ငံတော်၏ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စီရင်စုများအား ဤဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်ဆိုတဲ့ ပြဋ္ဌာန်းချက်ပါအတိုင်း လွှတ်တော်အနေနဲ့ ဥပဒေပြုရေးအာဏာကို စွဲကိုင်သုံးစွဲနေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်အနေနဲ့လည်း ဥပဒေနှင့်အညီပဲ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာလည်းပဲ လိုအပ်တဲ့ဥပဒေ၊ တည်ဆဲပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် တင်သွင်းသွားတဲ့အဆိုဟာ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆီလျော်ကိုက်ညီမှုမရှိတဲ့အတွက် အဆိုကို ပြန်လည်သုံးသပ်သင့်ပါကြောင်း ရှိသေလေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့ Good Governance၊ Clean

Government ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန်နှင့်ပတ်သက်ပြီး အပြုသဘောဖြင့် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာမှာ အဆိုရှင်ကိုယ်စားလှယ် ဦးဝင်းမြင့် အဆိုပြုထားတဲ့အချက်အလက်တွေဟာ မရှိမဖြစ်လိုအပ်လှပြီး ကောင်းမွန်တဲ့အဆို ဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ သို့သော် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ မှာ လွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်ထားသော ပုဂ္ဂိုလ်များသည် တစ်စီးပွားတည်းဖြစ်သော စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး နိုင်ငံတော်သမ္မတကြီးထံ ပို့ပေးရမည်ဟု အတိအလင်းဖော်ပြပြီးသား ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ မှာ လွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်ထားသော ပုဂ္ဂိုလ်များဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့အပြင် (၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်အဖွဲ့ဝင်များ(၂) ပြည်ထောင်စုရှေ့နေချုပ်အဖွဲ့ဝင်များ၊ (၃) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ(၄) ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ(၅) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ(၆) ပြည်ထောင်စုစာရင်းစစ်ချုပ်အဖွဲ့ဝင်များ ဟုပါရှိပြီး ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့ အဆိုပြုချက်မှာတင်သွင်းထားတဲ့ အဖွင့်များထက် ပိုမိုများပြားကျယ်ပြန့်နေတာကို တွေ့ရှိရပါတယ်။ ပိုမိုပြီးပြည့်စုံတဲ့အဆိုဖြစ်ဖို့ ထပ်ဖြည့်ဖို့လိုအပ်နေသေးတယ်လို့ ထင်မြင်ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါနိုင်ငံတော်သမ္မတကြီးခန့်အပ်သော ပုဂ္ဂိုလ်များရဲ့ပိုင်ဆိုင်မှု တန်ဖိုးစာရင်းများကို နိုင်ငံတော်သမ္မတထံပေးပို့ရမည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ အရ ဖွင့်ဆိုထားပြီးဖြစ်တဲ့အတွက် ၎င်းမှတ်တမ်းများဟာ သမ္မတကြီးဆီမှာ ရှိပြီးတော့ ထပ်မံပြီးတော့ မှတ်တမ်းတင်ဖို့ရန်မလိုအပ်တော့ပါလို့ ထင်မြင်ပါတယ်။ ဒါကြောင့် Good Governance, Clean Government ဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်သမ္မတက ခန့်အပ်ထားသော ပုဂ္ဂိုလ်များသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပေးပါရန် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းဆိုတဲ့ အဆို

အသစ်တစ်ရပ်ထပ်မံတင်သွင်းသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်းနှင့် နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)။** ။ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ လေးစားစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်သွင်းသွားတဲ့ Good Governance (ကောင်းမွန်သောအုပ်ချုပ်ရေး)၊ Clean Government (သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးဆိုတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၈ မှာ နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတများဟာ မိမိတို့ဦးစီးတဲ့ တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ ဆုငွေနဲ့ အခြားအဖိုးတန်ပစ္စည်းများကို တန်ဖိုးနဲ့တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်အကြီးအမှူးထံသို့ ပေးပို့ရမည်လို့ သတ်မှတ်ပြဋ္ဌာန်းထားခဲ့ပါတယ်။ အဲဒီသတ်မှတ်ထားတဲ့အတိုင်းလည်း ပေးပို့ပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တင်သွင်းတဲ့ အဆိုအတိုင်းဆောင်ရွက်မယ် ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈နဲ့ မကိုက်ညီတဲ့အတွက် အဆိုပါ ပုဒ်မ ၆၈ကို ပြင်ဆင်ရန်လိုအပ်လာပါတယ်လို့ ထင်မြင်ပါတယ်။ အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၁နဲ့ တိုက်ဆိုင်ကြည့်ပြန်တော့လည်း အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ဆက်နွယ်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ဦးဝင်းမြင့် အဆိုအတိုင်း ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ ကို ပြင်ဆင်ရန်လိုအပ်လာပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးအာဏာကို ခွဲဝေအပ်နှင်းခြင်းခံရတဲ့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသာမက တရားမျှတမှုနဲ့ သာတူညီမျှမှု ဖြစ်စေရန်အတွက် ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးအာဏာကို ခွဲဝေအပ်နှင်းခြင်းခံရတဲ့ အဖွဲ့ဝင်များနဲ့ ရေးရာကော်မတီဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၏ ပြည်တွင်းပြည်ပရှိ ပိုင်ဆိုင်မှုများကို စာရင်းပြုစုကာ ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရမည်လို့

ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပုဇွန်တောင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်ရဲ့အဆိုနှင့်ပတ်သက်ပြီး အနည်းငယ်ဖြည့်စွက်တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ကြီးရဲ့ အဓိကတာဝန်က ဥပဒေပြု ရေးဖြစ်ပါတယ်။ ဥပဒေပြုသူများက ဥပဒေကို လေးစားလိုက်နာရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်ရဲ့အဆိုကို ဥပဒေနှင့်အညီတင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်တင်သွင်းတဲ့အတိုင်း ဆောင်ရွက်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ နဲ့ မကိုက်ညီ တာကိုလည်း တွေ့ရှိရပါတယ်။ အကယ်၍ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ ကိုပြင်ဆင်မယ်ဆိုရင်လည်း ပြန်လည် ဖြည့်စွက်စရာတွေလည်း ရှိနေတာကိုတွေ့ရှိရမှာပါ။ ဦးဝင်းမြင့်ရဲ့အဆိုအတိုင်း ဆောင်ရွက်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ ကိုပြင်ဆင်တဲ့အခါ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေး အာဏာကို ခွဲဝေအပ်နှင်းခြင်းခံရတဲ့ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်များသာမက တရားမျှတမှုနှင့် သာတူညီမျှမှုဖြစ်စေရန်အတွက် ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေ ပြုရေး၊ တရားစီရင်ရေးအာဏာကို ခွဲဝေအပ်နှင်းခြင်းခံရတဲ့အဖွဲ့ဝင်များနှင့် ရေးရာကော်မတီများ၊ ကော်မရှင်အဖွဲ့ဝင်များ၏ ပြည်တွင်းပြည်ပပိုင်ဆိုင်မှုများကို စာရင်းပြုစုကာ ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ရမှာ ဖြစ်တယ်လို့ ပြင်ဆင်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

## ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်၏အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြည်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၏ Good Governance (ကောင်းမွန်သောအုပ်ချုပ်ရေး)၊ Clean Government (သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန် အဆိုနဲ့စပ်လျဉ်းပြီး ကျွန်တော် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ တွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းသော မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးတန်များကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်အကြီးအမှူးထံ ပေးပို့ရမည်ဟူ၍ ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ ဆင့်ပွားဥပဒေဖြစ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၀ နှင့် ပုဒ်မ ၁၀၁ တို့မှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားတာကိုလည်းတွေ့ရပါတယ်။ ပုဒ်မ ၁၀၀ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းသော မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးတန်များကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့ရမည်။ ပုဒ်မ ၁၀၁ ဖြစ်ပါတယ်။ လွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်သောပုဂ္ဂိုလ်များသည် တစ်စီးပွားတည်းဖြစ်သော စီးပွားရေးလုပ်ငန်းနှင့်ပိုင်ဆိုင်မှုများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး နိုင်ငံတော်သမ္မတထံပေးပို့ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၀ ပါ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ ပါအတိုင်း ပြဋ္ဌာန်းထားသဖြင့် အခြေခံဥပဒေနှင့်ကိုက်ညီမှုရှိသော်လည်း ပုဒ်မ ၁၀၁ ပါ ပြဋ္ဌာန်းချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းထားခြင်း မရှိသော အချက်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပင်မဥပဒေဖြစ်ရာ ဆင့်ပွားဥပဒေဖြစ်သည့် တည်ဆဲဥပဒေများဟာ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှသာ အတည်ဖြစ်ပါတယ်။ ဥပဒေပြုအချုပ်အခြာအာဏာပိုင်က ဥပဒေပြုပြဋ္ဌာန်းသည်ဟု ဆိုစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေက အသေအချာ

ခွင့်ပြုထားသည့် ရည်ရွယ်ချက်အတိုင်း Constitutionality Desirable for Self Puporses သာ ပြဋ္ဌာန်းခွင့်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိခြင်း၊ ပြဋ္ဌာန်းဥပဒေတစ်ရပ်သည် တရားမဝင် ဖြစ်နေခြင်း Unconstistutionality or Illegality of the Status များဟာ ဥပဒေနှင့် ဆန့်ကျင်ကြောင်း ဥပဒေမူများလည်း ရှိပါတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းရာမှာ အခြေခံဥပဒေကအသေအချာခွင့်ပြုထားသည့်ရည်ရွယ်ချက်အတိုင်း လိုက်နာပြဋ္ဌာန်းဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၁ မှာ ဖော်ပြချက်အရ လွှတ်တော်ရဲ့အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်သောပုဂ္ဂိုလ်များတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်တာကို တွေ့ရပါတယ်။ (က) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ (ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ (ဂ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ (ဃ) ပြည်ထောင်စုဝန်ကြီးများ၊ (င) ပြည်ထောင်စုရှေ့နေချုပ်၊ (စ) ပြည်ထောင်စုစာရင်းစစ်ချုပ်၊ (ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ (ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များ၊ တရားသူကြီးချုပ်များ၊ တရားသူကြီးများ ဖြစ်ပါတယ်။ အထက်ပါအတိုင်း အဆိုပါလွှတ်တော်၏ အတည်ပြုချက်ရယူရန် မလိုသည့် နိုင်ငံတော်သမ္မတက ခန့်အပ်သော အောက်ပါပုဂ္ဂိုလ်များလည်း ကျန်ရှိနေပြီဖြစ်ပါတယ်။ (က) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ (ခ) ဒုတိယဝန်ကြီး များ၊ (ဂ) ဒုတိယရှေ့နေချုပ်၊ (ဃ) နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပင်လျှင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် နိုင်ငံတော်သမ္မတကခန့်အပ်တာဝန်ပေးသူဖြစ်ပါတယ်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့်တွင် ဥပဒေပြုရေးအပိုင်း၌ ကြီးလေးသောတာဝန်များကို ထမ်းဆောင်လျက်ရှိသော အောက်ပါပုဂ္ဂိုလ်များလည်း ကျန်ရှိနေတာဖြစ်ပါတယ်။ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ (ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ (ဂ) ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ (ဃ) အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ (င) ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ (စ) ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ (ဆ) လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ (ဇ) အစိုးရအာမခံချက်၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါပုဂ္ဂိုလ်များရဲ့ စီးပွားရေးလုပ်ငန်းများနှင့် ပိုင်ဆိုင်မှုများ စာရင်းကို ရယူမည်ဆိုပါက အားလုံးမျှမျှတတ ဖြစ်စေရေးအတွက် နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့၌ ဆောင်ရွက်လျက်ရှိသော အချုပ်အခြာအာဏာကို အပြန်အလှန် ထိန်းကျောင်းသည့် ပုဂ္ဂိုလ်များအားလုံး All Political Expossed Person ပါဝင်ပြီး All Inclusive ဖြစ်မယ်လို့သုံးသပ်ပါတယ်။ သို့ဖြစ်ရာ နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများထံမှ စီးပွားရေးလုပ်ငန်းများနှင့် ပိုင်ဆိုင်မှုများ စာရင်းရယူ သကဲ့သို့ အထက်ဖော်ပြပါ လွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်သောပုဂ္ဂိုလ်များနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူရန်မလိုပဲ နိုင်ငံတော်သမ္မတက ခန့်အပ်သော ပုဂ္ဂိုလ်များထံမှလည်းကောင်း၊ ထို့အပြင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကိုယ်စားလှယ်များထံမှ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုများစာရင်းကိုလည်းရယူရန် သင့်၊ မသင့် စဉ်းစားသင့်ပါတယ်။ အထက်ဖော်ပြခဲ့သော ပုဂ္ဂိုလ်အားလုံး All Inclusive အကျုံးဝင်စေမည်ဆိုပါက အခြေခံဥပဒေက အသေအချာပြုထားသည့် ရည်ရွယ်ချက်အတိုင်းဖြစ်စေရန်အလို့ငှာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈၊ နောက်ဆက်တွဲ ၆၈(က) ဖြင့် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်ရန်လည်းကောင်း လိုအပ်မည်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေဥပဒေပုဒ်မ ၄၃၆(ခ)အရ ပုဒ်မ ၆၈ ကို ပြင်ဆင်မည်ဆိုပါက ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ထောက်ခံဆန္ဒမဲဖြင့် ပြင်ဆင်ရန်ဖြစ်ပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် မလိုအပ်ပါ။ အဆိုပါ တင်သွင်းရာမှာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆၇ နှင့် ၆၉ တို့အရ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀ ရာခိုင်နှုန်းက တင်ပြရန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ယခုတင်သွင်းသည့် အဆိုမှာပါရှိသော အချက်အလက်များဟာ ရည်ရွယ်ချက်ကောင်းမွန်သဖြင့် မှတ်တမ်းတင်ထားထိုက်ပါတယ်။ အစိုးရအဖွဲ့အနေဖြင့်လည်း အဆိုနှင့်အညီ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများရှိနေပြီဖြစ်ရာ အားလုံးမျှမျှတတ ဖြစ်စေရေးအတွက် အထက်တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်များအားလုံး All politically Exposed Person အကျုံးဝင်စေရန် သင့်၊ မသင့်အပေါ် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်း ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်ရဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် မူလစာရင်းပေးထားက ၈ ဦး၊ ထပ်မံစာရင်းပေးထားတာက ၅ ဦး အားလုံးပေါင်း ၁၃ ဦး ဆွေးနွေးပြီး ပြည်ထောင်စုရှေ့နေချုပ်က ထပ်ဆင့်ရှင်းလင်းသွားပါတယ်။ ကိုယ်စားလှယ်များ ဆွေးနွေးတဲ့နေရာမှာ စာပိုဒ် ၆ အပိုဒ်ခွဲ(က)ကနေပြီးတော့ (ဃ)အထိ အားလုံးကနေပြီးတော့ တညီတညွတ်တည်း ထောက်ခံဆွေးနွေးသွားတာတွေ့ရပြီး တပ်မတော်သားကိုယ်စားလှယ်နှစ်ဦးက ဒီအဆိုကို ပြန်လည်သုံးသပ်ဖို့၊ အခြားကိုယ်စားလှယ်နှစ်ဦးက အဆိုကိုပြန်ပြင်ဆင်ဖို့၊ ပြည်ထောင်စုရှေ့နေချုပ်က ဒီအဆိုကို ဆက်လက်အရေးယူဆောင်ရွက်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှု မရှိ၍ ဆောင်ရွက်ရန်မသင့်ဘဲ မှတ်တမ်းတင်ထားရှိပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ဖို့ဆိုတဲ့ အဓိပ္ပာယ်ရတဲ့ ဆွေးနွေးမှုများ ဆွေးနွေးသွားခဲ့ပါတယ်။ ဆွေးနွေးမှုများဟာလည်း အင်မတန်ကောင်းမွန်သလို ဒီဆွေးနွေးဖို့ ဖြစ်ပေါ်လာတဲ့ အဆိုဟာလည်း အင်မတန်ကောင်းမွန် စိတ်ဝင်စားစရာကောင်းတဲ့ အဆိုပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုလည်း မဆုံးရှုံးစေချင်ဘူး။ ထိုနည်းတူစွာပဲ ဒီအဆိုကိုလည်း မိမိအယူအဆနဲ့ ပြောမယ်ဆိုရင် မှတ်တမ်းတင်ထားရှိပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်အတွင်းက ဆက်လက်ဆောင်ရွက်မှုကို လွှတ်တော်က စောင့်ကြည့်ဖို့ လည်း လိုမယ်လို့ ယူဆပါတယ်။ ပြန်ပြီးတော့ လွှတ်တော်ကို တင်ပြရမယ်ဆိုရင် ကောင်းမွန်တဲ့အဆို ဖြစ်ပါတယ်။ ကောင်းမွန်တဲ့အဆိုဖြစ်တယ်။ ဒီကောင်းမွန်တဲ့အဆို ပြန်လည်သုံးသပ်တဲ့ပြင်ဆင်ဖို့ ပြောတဲ့ အခါမှာလည်း ဒီအဆိုကို ပျက်ပြယ်မသွားစေဖို့။ ထိုနည်းတူစွာပဲ ဒီအဆိုကို ဆောင်ရွက်တဲ့နေရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းက ဆောင်ရွက်မယ်။ မှတ်တမ်းတင်ထားရှိမယ်။ ပြည်သူ့လွှတ်တော်က စောင့်ကြည့်မယ်ဆိုလို့ရှိရင်လည်း အဆိုရဲ့အာနိသင် မပျက်ပြယ်ပါဘူး။ ဒါကြောင့်မို့လို့ အခွင့်အရေးတစ်ရပ်အနေနဲ့ သက်ဆိုင်ရာအဆိုတင်သွင်းတဲ့ ပုသိမ်မဲဆန္ဒနယ်က ဦးဝင်းမြင့်ရဲ့ သဘောထား တင်ပြဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ကျွန်တော် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ဆွေးနွေးတာနဲ့ပတ်သက်လို့ ကျွန်တော်အနည်းငယ် ပြန်လည်ရှင်းလင်း တင်ပြဆွေးနွေးလိုပါတယ်။ ခုနက ပြောတဲ့အထဲမှာ ပါပါတယ်။ ကျွန်တော်တင်တဲ့အဆိုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ ကို ကျော်လွန်ပါတယ်လို့ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈ မှာ

နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများရဲ့ မိမိတို့ဦးစီးတဲ့ တစ်စီးပွားတည်းဖြစ်တဲ့ မိသားစုပိုင် အိမ်၊ မြေ၊ အဆောက်အဦ၊ စီးပွားရေးလုပ်ငန်း၊ စုငွေ၊ အခြားအဖိုးတန်ပစ္စည်းများနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်အကြီးအမှူးထံ ပေးပို့ရမည်ဆိုပြီးတော့ ဒါကို ကိုးကားပါတယ်။ အဲဒီတော့ ဒါဆိုရင် ကျွန်တော် အခုတင်ပြမယ့် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်ကထုတ်တဲ့ စာအမှတ်-၁၀၀(၁/၇/သမ္မတရုံး)ရဲ့ ညွှန်ကြားချက်။ အဲဒီညွှန်ကြားချက်မှာ ဘာပါလဲလို့ မေးရင် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၀၁ ကို ကိုးကားထားပါတယ်။ အဲဒီပုဒ်မ ၁၀၁ မှာကျတော့ နိုင်ငံတော်သမ္မတထံ ပေးပို့ရမယ့် ပစ္စည်းစာရင်းမှာ ဘယ်လိုပုဂ္ဂိုလ်တွေ၊ ဘယ်လိုလူတွေလည်း အခုနက ရှေ့နေချုပ်ကြီးကလည်း ပြောသွားတာရှိပါတယ်။ (က)ကနေ (ဆ)အထိ အဲဒီလိုဆိုရင် အဲဒီပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပင်လျှင် ဒီပုဒ်မ ၆၈ ကို ညီညွတ်ပါရဲ့လား။ ကျွန်တော်တို့ စဉ်းစားရပါလိမ့်မယ်။ ဒါက တကယ်တော့ မဟုတ်ဘူး။ ဘာဖြစ်လို့လဲလို့မေးရင် ဒီအခြေခံမူပေါ်မှာ ဒီပေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဒီအခြေခံမူပေါ်မှာ ကျန်တဲ့ဥပဒေတွေက ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ ဒီအခြေခံမူကို ကျော်သွားတာ မဟုတ်ဘူး။ ဒီဟာ။ ဒီလိုပါပဲ ကျွန်တော့်အဆိုဟာ ဒီအခြေခံမူနဲ့ ဒီပြည်ထောင်စုအစိုးရ အဖွဲ့ဥပဒေပုဒ်မ ၁၀၁ နဲ့ ကျော်လွန်ပြီးတော့ တင်သွင်းထားတဲ့အဆို မဟုတ်ပါဘူး။ သို့သော် ခုနက NDF က ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော် မိတ်ဆွေကိုယ်စားလှယ်တော်ကြီး နှစ်ယောက်ဆွေးနွေးထားတာရှိပါတယ်။ လိုသေးတယ်။ ဖြည့်ချင်တယ်။ ရေးရာကော်မတီတွေပါသင့်တယ်။ ကော်မရှင်တွေပါသင့်တယ်။ ဒီလို ဖြည့်စွက်ဆွေးနွေးတာရှိတယ်။ အဲဒီလို ဖြည့်ချင်တယ်။ ပြုချင်တယ်ဆိုရင် ထပ်တိုးချဲ့ချင်တယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေရဲ့ ကိုယ်ပိုင်အခွင့်အရေးအရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်အခွင့်အရေးအရ ထပ်ပြီးကိုယ့်ဟာကိုယ် အဆိုတင်လို့ ရပါတယ်။ ဒီအဆိုတင်တာနဲ့ ထပ်ဖြည့်ဖို့လိုတာနဲ့ ကျွန်တော့်ဟာကို ပြန်လည်သုံးသပ်ဖို့၊ ရုပ်သိမ်းဖို့ဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ပါဘူး။ ဒါပထမဦးဆုံး ကျွန်တော် ပြောချင်ပါတယ်။ နောက်တစ်ခု ကွာခြားချက်ကို ကျွန်တော် ပြောပါ့မယ်။ အမှတ်တမဲ့ကြည့်ရင်တော့ အမှုမဲ့အမှတ်မဲ့ပဲ ဖြစ်ပါလိမ့်မယ်။ ဒီမှာ နှစ်ခုကွာခြားမှုက အသွင်သဏ္ဌာန်နဲ့အနှစ်သာရ ကွာခြားပါတယ်။ အခုန ပုဒ်မ ၆၈ ကို ကိုးကားတာက ပြည်ထောင်စုလွှတ်တော်အကြီးအမှူးထံ ပေးပို့ရမှာဖြစ်ပါတယ်။ ကျွန်တော် ဆိုလိုချင်တာက တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုးအတွက်၊ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီးဟာ နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအတွက် ဦးဆောင်ဦးရွက်ပြုနေတဲ့ ဥပဒေပြုရေးဌာနကြီးဖြစ်တဲ့အတွက် အများပြည်သူ သိရှိအောင်၊ ပွင့်လင်းမြင်သာမှုရှိအောင်၊ တာဝန်ခံမှုရှိအောင်။ ပြီးတော့ နိုင်ငံတော်သမ္မတကြီးရဲ့

စကားနဲ့ ပြောမယ်ဆိုရင် Good Governance နဲ့ Clean Government ဖြစ်ဖို့ တင်သွင်းထားတာ ဖြစ်ပါတယ်။ အဲဒါက ကျွန်တော်က ခုနကပြောတဲ့ ဒီပြည်ထောင်စုလွှတ်တော်အကြီးအမှူးထံပေးပို့ ရမည်ဆိုတာ မဟုတ်ဘဲနဲ့ ကျွန်တော်တို့က ဒီဘက်က အများပြည်သူသိရှိအောင် ထုတ်ဖော်ကြေညာဖို့ အတွက်ဖြစ်သလို ဒီဘက်က ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ မှာ လုပ်ထားပါတယ်ဆိုတာက လည်း ဒါက နိုင်ငံတော်သမ္မတထံပဲ ပေးပို့ရတာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ က နိုင်ငံတော်သမ္မတထံပေးပို့ရတာ ဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက နိုင်ငံတော်သမ္မတထံ ပေးပို့ရုံနဲ့ မဟုတ်ပါဘူး။ အများပြည်သူသိရှိဖို့ အများပြည်သူအမြင်ရှင်းဖို့ မိမိဟာ မိမိမည်မျှ မှန်ကန်စေကာမူ အများပြည်သူက မှန်ကန်တယ်လို့ မြင်သာထင်သာရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆို နဲ့ပတ်သက်လို့ မဲဆန္ဒရှင်ပြည်သူလူထုက ယုံကြည်အပ်နှံစွာအားကိုးပြီးတော့ အပ်နှံလိုက်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အဆုံးအဖြတ်ကိုပဲ ကျွန်တော်ခံယူပါ့မယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ဦးဝင်းမြင့် ခုနက ဦးဝင်းမြင့်တင်ပြသွားတဲ့ NDF ဆိုပြီးတော့ ဒီလိုပြောသွားတဲ့စကားနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ကန့်ကွက်ပါတယ်။ ကျွန်တော်တို့ဟာ လွှတ်တော်ထဲမှာ ရောက်လာရင် လွှတ်တော်ရဲ့စည်းမျဉ်းစည်းကမ်းတွေ နားလည်ဖို့ လိုပါတယ်။ ဖတ်ထားဖို့လိုပါတယ်။ သိဖို့လိုပါတယ်။ လိုက်နာဖို့လိုပါတယ်။ ဥပဒေသမားတွေမှာ။ အဲဒီတော့ တင်ပြဆွေးနွေးတဲ့အခါမှာ ဆွေးနွေးသွားတဲ့ အပိုင်းကလည်း ဒီအဆိုကို ရုပ်သိမ်းဖို့ ဘာညာ မပြောပါဘူး။ ပြင်ဆင်သင့်ပါတယ်။ ဒီဟာကို ထပ်လောင်းပြီးတော့ ဖြစ်သင့်တယ်ဆိုတဲ့ကိစ္စတွေကို တင်ပြတာပဲရှိပါတယ်။ ခုနကလို ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ ဒီလိုအမြင်တွေနဲ့ ပုတ်ခတ်ပြောဆိုတယ်ဆိုတာ မျိုးကတော့ ကန့်ကွက်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်ရော ဘာများထပ်ပြီးတော့ ဆွေးနွေးစရာ ရှိပါလဲ။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ အများကြားပါတယ်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့ ပုတ်ခတ်တာ မဟုတ်ပါ ဘူး။ ကျွန်တော့်အဆိုနှင့်ပတ်သက်လို့ လိုအပ်တယ်၊ ဖြည့်ချင်သေးတယ်ဆိုရင် ဖြည့်နိုင်တဲ့ အခွင့်အရေး ရှိပါတယ်လို့ ပြောခဲ့တာပါ။ ကျွန်တော့်အဆိုကို ပြန်လည်သုံးသပ်ဖို့၊ ပြန်လည်ရုပ်သိမ်းဖို့ မရှိဘူးလို့ ပြောခဲ့တာပါ။ ဒါအားလုံးကြားပါတယ်။ ပုတ်ခတ်တဲ့စကားလုံးဘာမှ မပါပါဘူး။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လက်ခုတ်သံတွေ တော်တော်များတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် တင်ပြလိုတာက ခုနက NDF လိုသုံးသွားပါသလား။ မသုံးသွားပါဘူးလား။ သုံးသွားတယ်လို့ တိုက်ရိုက်ကြားရလို့ ဒီကိစ္စကို ကန့်ကွက်ခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ဥက္ကဋ္ဌကြီးနှင့်ပတ်သက်လို့ အထူးပြောစရာမရှိပါဘူး။ သက်ဆိုင်သူများလည်း ကိုယ်တိုင်ကိုယ်ကျ ပြောဆိုခြင်း၊ ကန့်ကွက်ခြင်းများဆောင်ရွက်တဲ့အတွက် အထူးပြောစရာ မရှိပါဘူး။ အဓိကကတော့ အဆိုကို ပြန်လည်မရုပ်သိမ်းဘူး။ လွှတ်တော်ရဲ့အဆုံး အဖြတ်ပဲခံယူမယ်။ ဒီကြားထဲမှာ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့တော့ ဒီအဆိုဟာ အဆိုကောင်းတစ်ခုဖြစ်တယ်။ ဒီအဆိုကောင်း မဆုံးရှုံးသွားစေချင်ဘူး။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းက ဒီအဆိုကို ဆက်လက်တည်ရှိပြီး လွှတ်တော်က မှတ်တမ်းတင် စောင့်ကြည့်သွားမယ်ဆိုတာကို ဒီလို ကျွန်တော့်ရဲ့အမြင်၊ ကျွန်တော့်ရဲ့ဆန္ဒကို ပြောခဲ့ပါတယ်။ သို့ရာတွင် အဆိုတင်သွင်းတဲ့ဦးဝင်းမြင့်က ပြည်သူ့လွှတ်တော် ပြည်သူ့ကိုယ်စားလှယ်များရဲ့ အဆုံးအဖြတ်ကိုခံယူမယ်လို့ ဒီလို ရှင်းရှင်းလင်းလင်း ပြောသွားတဲ့အတွက် ကျွန်တော့်ရဲ့အကြံပြုချက်၊ အဆိုပြုချက်ကလည်း ပျက်ပြယ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူရမှာ ဖြစ်တဲ့အတွက် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းကို ဆောင်ရွက်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဦးဝင်းမြင့်ရဲ့အဆိုကို ထောက်ခံ၊ ကန့်ကွက်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံမဲ ၆၈ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၇၁၊ ကြားနေဆန္ဒမဲ ၁၅ မဲ၊ ဦးဝင်းမြင့်ရဲ့အဆိုအပေါ် ကန့်ကွက်ဆန္ဒမဲ ၂၇၁ မဲဖြစ်တဲ့အတွက် ကန့်ကွက်တဲ့ ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်တင်သွင်းတဲ့ Good Governance (ကောင်းမွန်သောအုပ်ချုပ်ရေး)၊ Clean Governance(သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရှိရန်အဆိုကို လွှတ်တော်က အတည်မပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၂) ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၉ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၆ း ၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ၁၆း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။**]**